# ကြေးမုံ

# The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့။ Monday, 18 July 2022 ၁၀၈၀၀


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်) ရုံးသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

## အရည်အသွေးပြည့်ဝသော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးဆောင်ရွက်နိုင်မည်

နေပြည်တော် ဇူလိုင် ၁၇

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်)ရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ရှိ အဆိုပါရုံးပင်မဆောင်ရှေ့မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားကို ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်)ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ပင်မဆောင်ရှိ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင်နှင့် အဖွဲ့ဝင်များ ပင်မဆောင်ရှိ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

## ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက်၌ ကျရောက်မည့် (၇၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါအခမ်းအနား ကျင်းပပုံများကို ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီ မိနစ် ၄၀ အချိန်မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM ၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ **သတင်းစဉ်**


**ယနေ့ ဖတ်စရာ**

**စာပေဖြင့်ညွှန်းတု၍ အလေးပြုပါသည် ကိုးဦးအာဇာနည်**
ဆောင်းပါး စာမျက်နှာ » ၆

**အပြုံးပန်းတွေဝေဆာဖို့ ငုံးမွေးမြူရေးဖြင့် မိသားစုဝင်ငွေရှာကြစို့**
ဆောင်းပါး စာမျက်နှာ » ၁၈

**စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေ ၃၆၆၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**
စာမျက်နှာ » ၃

**ဓာတ်ခွဲနမူနာစုစုပေါင်း ၄၅၀၇ ခုအားစစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ခုနစ်ဦး တွေ့ရှိ**
စာမျက်နှာ » ၂၂

ကြေးမုံ

# သမိုင်းပေးတာဝန်အဖြစ် ကြိုးပမ်းဆောင်ရွက်

ဗိုလ်ချုပ်အောင်ဆန်းသည်ကား သူ့ဘဝ၊ သူ့အသက်ကို တိုင်းပြည်အတွက် ပေးဆပ်ခဲ့သည့် အာဇာနည်ယောကျာ်းကောင်း ယောကျာ်းမြတ်ပုဂ္ဂိုလ်ဖြစ်သည်။ ဘဝကို ရင်းနှီးပေးဆပ်၍ မရမနေကြိုးပမ်းအားထုတ်ပြီး ရရှိလာသော လွတ်လပ်ရေးကို မမြင်သွားခဲ့ရပေ။ လွတ်လပ်ရေးအရသာ၊ လွတ်လပ်ရေးအသီးအပွင့်များကိုလည်း မခံစားရပေ။ အသက်အရွယ် ငယ်ပင်ငယ်ငြားသော်လည်း သူ၏ မြင့်မားသည့် နိုင်ငံရေးအသိ၊ အမြင်၊ တွေးခေါ်မြော်မြင်မှုများဖြင့် မြန်မာပြည်သူပြည်သားများ အနာဂတ်တွင် တင့်တယ်စွာနေထိုင်ရန် လမ်းမှန်ညွှန်ပြပေးခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ကျေးဇူးများကား ကြီးမားလှပါပေသည်။ ဗိုလ်ချုပ်၏ မြန်မာပြည်လွတ်လပ်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများသည် အကြောင်းတရားများဖြင့် ပန်းတိုင်သို့ရောက်အောင် ပို့ဆောင်ပေးခဲ့ပါသည်။ လွတ်လပ်ရေးပန်းတိုင်သို့ တက်လှမ်းပြီး အကျိုးရလဒ်များကို ဆောင်ကြဉ်းနိုင်သည့်အဆင့်သို့ မလှမ်းတက်နိုင်ခဲ့ပါ။ မသမာသူအကြမ်းဖက်သမားတို့၏လက်ချက်ဖြင့် အကြွေစောခဲ့ရပါသည်။ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တင့်တယ်ဝင့်ထည်သည့် အကျိုးတရားများအဖြစ် ဆက်လက်ဖြစ်ထွန်းလာအောင် ဆောင်ရွက်ရမည်မှာ လွတ်လပ်ပြီးသောနိုင်ငံတွင် နေထိုင်ကြသည့် နိုင်ငံသူ နိုင်ငံသားများအားလုံး၏ တာဝန်ဖြစ်ပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများအတွက် တော်လှန်ရေးအဆင့်နှစ်ဆင့် ချမှတ်ဆောင်ရွက်ပေးသွားခဲ့သည်။ ပထမအဆင့်မှာ လုံးဝလွတ်လပ်သောနိုင်ငံ ဖြစ်ပေါ်လာစေရေး ဖြစ်ပြီး ဒုတိယအဆင့်မှာ စစ်ကြောင့်ပျက်စီးခဲ့သောတိုင်းပြည်ကို ပြန်လည်ထူထောင်ရေးဖြစ်သည်ဟု ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးတိုက်ပွဲမှတ်တမ်းတွင် ဖော်ပြထားသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့တော်လှန်ရေး၏ လက္ခဏာများကို ဆန်းစစ်ပြီး ပထမအဆင့် လွတ်လပ်ရေးရရှိပြီးနောက် ဒုတိယအဆင့် ဆက်လက်ချီတက်ရမည့် တော်လှန်ရေးတာဝန်သုံးရပ်ကို ချမှတ်ပေးခဲ့သည်။ ယင်းတို့မှာ ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေး၊ လယ်ယာမြေပြုပြင်ရေး၊ နယ်ချဲ့အမှီအခိုကင်းသည့် စီးပွားရေးထူထောင်ရေးတို့ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ပထမအဆင့်ဖြစ်သည့် လုံးဝလွတ်လပ်ရေးတိုက်ပွဲကို ကြိုးပမ်းအားထုတ်နေစဉ် လွတ်လပ်ရေးရရှိရန် လက်တစ်ကမ်းအလို၌ နယ်ချဲ့လက်ဝေခံ မသမာသူများ၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရသည်။ ဒုတိယအဆင့် တော်လှန်ရေးတာဝန်များကို ချမှတ်ခဲ့သော်လည်း ဆောင်ရွက်နိုင်ခြင်းမရှိတော့ပေ။ ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်အနာဂတ်အတွက် အမြော်အမြင်ကြီးမားစွာဖြင့် ကြိုတင်မြော်တွေးချမှတ်ပေးခဲ့ပေသည်။ အနာဂတ်၌ တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက်ဖြစ်စေ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်ဖြစ်စေ အဓိကမှာ စီးပွားရေးဖြစ်သည်။ မြန်မာနိုင်ငံ စီးပွားရေးနှင့်ပတ်သက်၍ အနှောင့်အယှက် အဟန့်အတား အခက်အခဲများ၊ ကြီးမားသောစွန့်စားမှုများနှင့် ရှေ့ရှုတိုက်ပွဲဝင်သွားရမည်ဟု ဗိုလ်ချုပ်အောင်ဆန်းက သဘောပေါက်ထားပြီးဖြစ်သည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်အနာဂတ်အတွက် ကာကွယ်ရေးနှင့် စီးပွားရေးအခြေခံများကို မြော်မြင်ပြီး စတင်အုတ်မြစ်ချထားရမည်ဟု ၁၉၄၇ ခုနှစ် အစောပိုင်းကတည်းက မှာကြားထားခဲ့သည်။ ၁၉၄၇ ခုနှစ် ဧပြီလ နှစ်သစ်ကူးမိန့်ခွန်းတွင် "ကျွန်တော်တို့မှာ ငွေမရှိဘူး၊ တတ်ကျွမ်းတဲ့လူ အလုံအလောက်မရှိဘူး၊ ဒီနှစ်ချက်နဲ့ပဲ ဘယ်အစိုးရတက်တက် နိုင်ငံခြားအကူအညီ လိုမယ်။ နိုင်ငံခြားအကူအညီဆိုတာ အမြဲတမ်းကောင်းတာမဟုတ်ဘူး။ ဒါပေမဲ့ ကျွန်ုပ်တို့ရဲ့ အခြေအနေအရ ဗမာပြည် ပြန်လည်ထူထောင်ဖို့ဆိုရင် နိုင်ငံခြားအကူအညီ မယူမဖြစ်တဲ့အခြေအနေရှိတယ်"ဟု ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့သည်။ စစ်ဘေးစစ်ဒဏ်ခံခဲ့ရသည့် နိုင်ငံကို နိုင်ငံခြားအကူအညီဖြင့် ဦးမော့လာအောင်ကြိုးပမ်းပြီး တိုင်းပြည်တိုးတက်လာစေရန် ဆောင်ရွက်နိုင်ရေးကို မှာကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ပထမအဆင့်တော်လှန်ရေး ပြီးမြောက်ပြီးနောက် ဒုတိယအဆင့် တော်လှန်ရေးကို အကောင်အထည်ဖော်ရန် လမ်းပြပေးခဲ့သည်။ ဒုတိယအဆင့် တိုင်းပြည်ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ ငြိမ်းချမ်းရေးဖြစ်သည်။ ငြိမ်းချမ်းမှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မငြိမ်းချမ်းမှုများမှာ လွတ်လပ်ရေးနှင့်အတူ ယနေ့ထက်တိုင် ပေါ်ပေါက်နေဆဲဖြစ်သည်။ နယ်မြေဒေသအချို့တွင် မငြိမ်းချမ်းမှုများကြောင့် လွတ်လပ်ရေးအသီးအပွင့်များကို နိုင်ငံတစ်ဝန်း တန်းတူညီမျှ ခံစားနိုင်ခြင်းမရှိပေ။ တိုင်းပြည်ဖွံ့ဖြိုးရေးမှာလည်း နောက်ကျကျန်ရစ်နေဆဲဖြစ်သည်။

သို့ဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်း လမ်းညွှန်ခဲ့သည့် ဒုတိယအဆင့် ထူထောင်ရေး၊ စီးပွားရေးဦးမော့ရေး၊ နိုင်ငံကာကွယ်ရေးအတွက် အမျိုးသားညီညွတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းများကို ပြည်သူအားလုံးက သမိုင်းပေးတာဝန်အဖြစ်ခံယူပြီး ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူမည်

**နေပြည်တော် ဇူလိုင် ၁၇**

၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက် (အင်္ဂါနေ့) (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန ရုံးအဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာန အဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သိရသည်။ **သတင်းစဉ်**

## လင့်စင်ကုန်းကျေးရွာ၌ ( ၁၆ )ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**



နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် တိုက်အုပ်နာယက ဘဒ္ဒန္တပညာသာမိ (အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်) ဆရာတော်သည် ဆရာတော်၏ မွေးဖွားရာဇာတိဖြစ်သော ပျော်ဘွယ်မြို့နယ် ဥစ္စာနွယ်အုပ်စု လင့်စင်ကုန်းကျေးရွာရှိ ၂၀၂၁-၂၀၂၂ခုနှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအား (၁၆)ကြိမ်မြောက် ပညာရည်ချွန်ဆုများ ချီးမြှင့်ပွဲကို လင့်စင်ကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ဇူလိုင် ၁၄ ရက်က ကျင်းပရာ တက်ရောက်ချီးမြှင့်ခဲ့သည်။ ထို့နောက် ဆရာတော်က လင့်စင်ကုန်း အမကကျောင်းရှိ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများ၊ ဖျော်ရည် နှင့် အလှူငွေများ လှူဒါန်းချီးမြှင့်ခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

## စားသုံးသူပြည်သူများ လက်ဝယ်အရောက် စားအုန်းဆီများ သက်သာသောဈေးနှုန်းဖြင့် စဉ်ဆက်မပြတ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၇**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် စားသုံးသူပြည်သူများ နေ့စဉ် ဝယ်ယူသုံးစွဲလျက်ရှိသော စားအုန်းဆီများ ဈေးနှုန်းကျဆင်းရေးနှင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်းစီစဉ်လျက်ရှိရာ



ယနေ့မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မြောက်ဥက္ကလာပ၊ သာကေတ၊ ဒဂုံမြို့သစ်(အရှေ့)၊ ဒဂုံမြို့သစ်(မြောက်)၊စမ်းချောင်း၊လှိုင်၊ လှည်းကူးနှင့် မှော်ဘီမြို့နယ်များသို့ ဈေးကား ၁၆ စီး စေလွှတ်၍ စားအုန်းဆီများကို အရင်းဈေးနှုန်းအပေါ်တွင် ၁၀ ရာခိုင်နှုန်းထက် မကျော်သော သတ်မှတ်ဈေးနှုန်းဖြင့် ပြည်သူများ လက်ဝယ်အရောက် တိုက်ရိုက်ရောင်းချပေးလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျန်ရှိနေသည့် မြို့နယ်များနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း စဉ်ဆက်မပြတ် ဆက်လက်ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးခိုင်ဝင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစည်သူလွင်နှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် မြို့မိမြို့ဖများနှင့် တွေ့ဆုံ၊ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရိုးရာယဉ်ကျေးမှုအဖွဲ့အား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဟုမ္မလင်းမြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦးအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် ဒေသခံ ဘာသာရေးခေါင်းဆောင်များနှင့် လဟယ်မြို့ရှိ စာရာမေရီရိပ်သာခန်းမ၌ တွေ့ဆုံ၍ ၎င်းတို့၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**စားသောက်ဖွယ်ရာများပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လေတပ်စခန်းဌာနချုပ်(ဟုမ္မလင်း)ရှိ ဥရုနဒီရိပ်သာဧည့်ခန်းမ၌ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံပြီး ဒေသခံတိုင်းရင်းသားများက ဟုမ္မလင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နယ်မြေခံတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားပြီး တပ်နယ်မိသားစုများကို စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ မြို့တော်ခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြရာ ခရိုင်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းက ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ သာသနာ့ဗေဒတိက မြို့မကျောင်းသို့ သွားရောက်၍ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁၆ ရက်တွင် ဟုမ္မလင်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မုံရွာမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးတင်ပြကာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေ ၃၆၆၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၈ ရက်မှ ၂၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေ ၃၆၆၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

**အဝါရောင်အဆင့်**

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

**လိမ္မော်ရောင်အဆင့်**

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ပြောင်းလဲမှုကို အထူးသတိထားစောင့်ကြည့်နိုင်ရန်။

**အနီရောင်အဆင့်**

အနီရောင်အဆင့်သည်ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်းမုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့်နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။

**အညိုရောင်အဆင့်**

အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ်ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့်နေရာတွင် ခိုလှုံပြီးစီးရန်။

**အစိမ်းရောင်အဆင့်**

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏ နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်)ရုံး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။**

❒ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပင်မဆောင်ရှိ ဓာတ်ခွဲခန်းများတွင် mercury, lead စသော heavy metals များ ပါဝင်မှုနှုန်း စစ်ဆေးနေမှု၊ ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ကုန်ကြမ်း (Active Pharmaceutical Ingredient) စစ်မှန်မှု ရှိ၊ မရှိနှင့် မလိုလားအပ်သော အရောအနှောများပါဝင်မှုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးနေမှု၊ အစားအသောက်များတွင် ဆိုးဆေးများနှင့် တာရှည်ခံဆေးဝါးများ ခွင့်ပြုပမာဏထက်ကျော်လွန်သုံးစွဲခြင်း ရှိ၊ မရှိ၊ အစားအသောက်များတွင် လူကိုအန္တရာယ်ဖြစ်စေနိုင်သော မှိုပါဝင်ခြင်း ရှိ၊ မရှိ စမ်းသပ်စစ်ဆေးနေမှု၊ အစားအသောက်များထုတ်လုပ်ရာတွင် အသုံးပြုသော ကုန်ကြမ်းများ၏ စစ်မှန်မှုနှင့် အရည်အသွေး ဓာတ်ခွဲစမ်းသပ်စစ်ဆေးနေမှု၊ စားသုံးဆီများ၏ အမျိုးအစား စစ်မှန်မှု ရှိ၊ မရှိနှင့် ဆီအမျိုးအစားများပါဝင်သည့် ပြည့်ဝဆီနှင့် မပြည့်ဝဆီများပါရှိခြင်း ဓာတ်ခွဲစမ်းသပ်စစ်ဆေးနေမှုတို့ကို ကြည့်ရှုကြရာတာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

### အထူးအလေးပေးဆောင်ရွက်လျက်ရှိ

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် နိုင်ငံတော်သာယာဝပြောရေးနှင့် တိုင်းပြည်စားရေရိက္ခာပေါများရေးတို့ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူများ အာဟာရပြည့်ဝပြီး ဘေးကင်းလုံခြုံစိတ်ချရသည့် အစားအသောက်များ ရရှိသုံးစွဲနိုင်ရေးကို အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေနှင့်လည်း လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ ရောဂါဘယကင်းရှင်းရေး စသည့် ရည်မှန်းချက်များကိုချမှတ်ပြီး ရောဂါကာကွယ်၊ ကုသရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း။

အများပြည်သူများ နေ့စဉ်မဖြစ်မနေ စားသောက်သုံးစွဲနေရသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးရှိရေး၊ အာနိသင်ပြည့်မီမှုရှိရေးတို့သည် အလွန်အရေးကြီးကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အရည်အသွေးပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များကို ပြည်သူများ ရရှိသုံးစွဲနိုင်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုတွင် အရေးပါသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းများ ကြီးကြပ်ကွပ်ကဲခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ချမှတ်ထားသည့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိပါက အရေးယူဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရာတွင် နီးနွှယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်)ရုံးသစ်ကို ယနေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန် ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေး အာနိသင်ပြည့်မီရေးအတွက်လည်းကောင်း၊ နီးနွှယ်ဌာနဆိုင်ရာများ၊ ဆက်စပ်အဖွဲ့အစည်းများ၊ မိတ်ဖက်အသင်းအဖွဲ့များနှင့်လည်း ပိုမိုထိရောက်စွာ ဆက်သွယ်ဆောင်ရွက်လုပ်ဆောင်နိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေနှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးအာနိသင်ပြည့်မီသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်များကို သုံးစွဲနိုင်မည်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

### ရာနှုန်းပြည့်တည်ဆောက်ပြီးစီး

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်)ရုံးသစ်ကို ၂၀၂၁-၂၀၂၂ ခြောက်လဘတ်ဂျက်ကာလတွင် ရာနှုန်းပြည့်တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ ခေတ်မီဓာတ်ခွဲခန်းများ၊ E-submissionစနစ်ဖြင့် လက်ခံဆောင်ရွက်နိုင်ရန် Infrastructure များပါဝင်သည့် ရုံးအဆောက်အအုံ၊ အရာထမ်း အမှုထမ်းအိမ်ရာများ၊ Training Centre တစ်လုံးစသည့် အဆောက်အအုံ ခုနစ်လုံး ပါဝင်ကြောင်း။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် နိုင်ငံတကာအဖွဲ့အစည်းများ၊ အာဆီယံဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံ၏လိုအပ်ချက်နှင့် ကိုက်ညီ၍ ခေတ်နှင့်လျော်ညီသည့် အမျိုးသားအစားအသောက်ဥပဒေ၊ ဆေးပစ္စည်းကိရိယာဥပဒေ၊ အလှကုန်ပစ္စည်းဥပဒေ(မူကြမ်း)တို့ကို ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်ဝသော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နေပြည်တော်ရုံးချုပ်နှင့် ရန်ကုန်ရုံးခွဲတို့၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကို ၂၀၁၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ သီးခြားဦးစီးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ နေပြည်တော်(ရုံးချုပ်)၊ ရန်ကုန်ရုံးခွဲ၊ မန္တလေးရုံးခွဲ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ရုံး ၁၂ ရုံးနှင့် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၃ ခုတို့တွင် တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ ယခုအခါ ခရိုင်အဆင့်ရုံး ၃၃ ခုအထိ တိုးချဲ့ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ဒက္ခိဏသီရိမြို့နယ် စံပယ်လမ်းလမ်းဘေးဝဲ/ယာ၌ ကျင်းပသည်။

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်တို့က သက်ဆိုင်ရာဝန်ကြီးဌာနကိုယ်စားလှယ်များသို့ ပျိုးပင်များကို ပေးအပ်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်တို့က ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်များကို စတင်စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ကံ့ကော်ပင် ၁၁၈ ပင်၊ ခရေပင် ၅၈ ပင်နှင့် စိန်ပန်းပင် ၅၈ ပင် စုစုပေါင်း ၂၃၄ ပင်ကို စိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်တို့က သစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





## မိုးရာသီ နာနတ်သီးများ ဖြိုင်ဖြိုင်ပေါ်၍ ဈေးကွက်အတွင်း ဝင်ရောက်လာ

**ရေတာရှည် ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဒေသအနှံ့အပြားမှ ထွက်ရှိသည့် နာနတ်သီးများ ဈေးကွက်အတွင်းဝင်ရောက်လာသည်ကို တွေ့ရှိရသည်။

စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းဒေသများဖြစ်သည့် ကရင်ပြည်နယ် သံတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် တောင်ပေါ်ဒေသများတွင် နာနတ်ပင်များကို အများအပြား စိုက်ပျိုးထားရှိပြီး မိုးရာသီ၌ ဖြိုင်ဖြိုင်ပေါ်လေ့ရှိကာ တောင်ငူ၊ ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီမြို့တို့ရှိ ကားဂိတ်နှင့် လူစည်ကားသည့်နေရာများ၊ ဈေးများအတွင်း ရောင်းချကြသည်။ အရည်ရွှမ်း၍ ချိုချဉ်အရသာရှိသော နာနတ်သီးများသည် ကျန်းမာရေးအတွက် ဗိုက်တာမင်စီနှင့် အမျှင်ဓာတ်များ ပေါ်ကြွယ်ဝသည့်အားလျော်စွာ စားသုံးသူများအနေဖြင့် ဝယ်ယူစားသုံးကြသည်။

ယခုရက်ပိုင်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဘက်မှ ထွက်ရှိသော နာနတ်သီးများ ကားအစီးလိုက် လှည့်လည်ရောင်းချလျက်ရှိရာ တစ်လုံးလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ရောင်းချကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## အားလုံးနဲ့ သက်ဆိုင်တဲ့အလုပ်

အချင်းချင်း သဘောကွဲလွဲမှုမျိုးဆိုတာကတော့ နည်းနည်းပါးပါးတော့ရှိမှာပဲ။ ဒါပေမယ့် သူတစ်ပါးနိုင်ငံက ကိုယ့်နိုင်ငံကို လာရောက်စော်ကားလို့ အသက်ကိုစွန့်ပြီး မလျှော့တမ်းကာကွယ်တိုက်ခိုက်ကြတာမျိုးကတော့ အားလုံးနဲ့သက်ဆိုင်တဲ့ အလုပ်မျိုး ဖြစ်တာပဲ။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့ည ပင်လုံမြို့၌ စော်ဘွားများ တည်ခင်းကျွေးမွေးသော ထမင်းစားပွဲတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၀၂၂ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား မိုးရာသီအားကစားပြိုင်ပွဲများ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၀၂၂ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား မိုးရာသီအားကစားပြိုင်ပွဲများ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း မိုးလုံလေလုံအားကစား (A) ရုံ၌ ကျင်းပသည်။




### ရွေးချယ်ဖွဲ့စည်းသွားမည်ဖြစ်

ဦးစွာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ပြည်ထောင်စုဝန်ကြီးဖလား မိုးရာသီအားကစားပြိုင်ပွဲများကို ကျင်းပပေးရခြင်းသည် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းလာရေးအတွက် ကျင်းပခြင်းဖြစ်ပြီး မကြာခင်ကျင်းပမည့် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဘောလုံး(အမျိုးသား) ပြိုင်ပွဲ၊ ဘော်လီဘော (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတို့တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကိုယ်စားပြုအသင်းများအနေဖြင့် အရည်အသွေးရှိရှိ၊ အဆင့်အတန်းမီမီ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားသမားများ ရွေးချယ်ဖွဲ့စည်းသွားမည်ဖြစ်ပြီး ယခုပြိုင်ပွဲမှတစ်ဆင့် ဝန်ကြီးဌာန လက်ရွေးစင်အသင်း ထိုမှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက ပြည်ထောင်စုဝန်ကြီးဖလား ဘောလုံး(အမျိုးသား) ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဘော်လီဘော (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲတို့တွင် တတိယဆုရရှိသည့်အသင်းနှင့် ဒုတိယဆုရရှိသည့်အသင်းများကို ဆုများပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ဘောလုံး(အမျိုးသား)ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနအသင်းကို ဆုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ပြည်ထောင်စုဝန်ကြီးဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနအသင်းကိုလည်းကောင်း၊ ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနအသင်းကိုလည်းကောင်း၊ ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအသင်းကို လည်းကောင်း၊ ဘောလုံး(အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအသင်းတို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

### ယှဉ်ပြိုင်ကစားခဲ့

အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား မိုးရာသီအားကစားပြိုင်ပွဲများဖြစ်သော ဘောလုံး (အမျိုးသား) ပြိုင်ပွဲကို အသင်းခြောက်သင်းဖြင့်လည်းကောင်း၊ ဘော်လီဘော (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲကို အသင်းလေးသင်းဖြင့်လည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲကို အသင်းခြောက်သင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး) ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၇

(၇၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဖွင့်လှစ်ပြသမည့် ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်းရှိဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် ဗိုလ်တထောင်မြို့နယ်ရှိ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)များတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



### ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ဗိုလ်ချုပ်ပြတိုက်တွင် ဗိုလ်ချုပ်အောင်ဆန်း သက်ရှိထင်ရှားရှိစဉ်က အသုံးပြုခဲ့သော မော်တော်ယာဉ်ပြသထားရှိမှု၊ ပြည်သူများ ဝင်/ထွက်သွားလာမည့် ဗိုလ်ချုပ်ပြတိုက်လုံခြုံရေးဂိတ် ဆောင်ရွက်ထားရှိမှု၊ ဗိုလ်ချုပ်ဝတ်ဆင်ခဲ့သည့်အဝတ်အစားများ၊ လက်ရေးမူများနှင့် ပြတိုက်ဝင်းအတွင်း သန့်ရှင်းသာယာသပ်ရပ်ရေးနှင့် မြက်ပင်ချုံနွယ်များ ရှင်းလင်းပြီးစီးမှု၊ ပြတိုက်အတွင်းရှိ ထမင်းစားခန်း၊ စာကြည့်ခန်းများကို ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများအား လည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)တွင် အများပြည်သူကိုပြသမည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများ ကျဆုံးခဲ့ရသည့် အစည်းအဝေးခန်းမနှင့် ဝန်ကြီးများရုံး ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

■

## တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုဆောင်ရွက်

အုတ်တွင်း ဇူလိုင် ၁၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာသင်းသဥ္ဇာနှင့် ဝန်ထမ်းများသည် ယမန်နေ့နံနက်ပိုင်းက ဘုရားနှစ်ဆူကျေးရွာအုပ်စု နတ်ရေတွင်းကျေးရွာတွင် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုရက်သတ္တပတ်အဖြစ် ကျေးရွာနေမွေးမြူသူများအား ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်း အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ ထို့နောက် တိရစ္ဆာန်မွေးမြူထားသည့် နေရာများကို မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်း၊ ကျေးရွာရှိ တိရစ္ဆာန်များကို ကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ပေးသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မွေးမြူထားသည့် တိရစ္ဆာန်များ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူလူထုအသိပညာပေးပိုစတာများ စိုက်ထူခြင်း၊ ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ ကာကွယ်ဆေး ထိုးနှံခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

(၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဆောင်းပါး

# စာပေဖြင့်ညွှန်းတုံ့၍ အလေးပြုပါသည် ကိုးဦးအာဇာနည်

မေတ္တာမိုးနှင်း(ပဲခူး)

လူသားတို့အတွက် မမေ့နိုင်သောနေ့ရက်များ ရှိပေလိမ့်မည်။ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ အောင်မြင်ခြင်း စသည့်ခံစားချက်များဖြင့် မေ့မရသောနေ့ရက်ဆိုသည်မှာ လူသားတို့၏ အတိတ်သမိုင်းတွင် ရှိစမြဲပင်ဖြစ်သည်။ ထိုလူသားများစွာထဲမှ မြန်မာပြည်သူပြည်သားများ၏ ရင်ထဲခံစားချက်ဖြင့် မေ့မရသော အတိတ်သမိုင်းလည်း ရှိခဲ့ပါသည်။ သမိုင်းထဲမှ မြန်မာပြည်သူပြည်သားတို့၏ စိတ်လှိုင်းဟူသမျှကို အပူလုံးကြွစေပြီး ဝမ်းနည်းတသဖြစ်ရသည့်နေ့သည် ဇူလိုင်လ ၁၉ ရက်နေ့ အာဇာနည်နေ့ပင်ဖြစ်ပေသည်။ မြန်မာပြည်သူပြည်သားများ၏ အသည်းနှလုံးမှ ယူကျုံးမရစွာ မျက်ရည်မိုးများသွန်းဖြိုးခဲ့ရသလို ဇူလိုင်မိုးသည်လည်း ဖြိုင်ဖြိုင်ရွာသွန်းခဲ့သောကြောင့် အလွမ်းမိုးများမစဲဘဲ သည်းထန်ခဲ့ရသောနေ့ပင် ဖြစ်သည်။

## ရာဇဝင်မှ စိတ်လှိုင်းဗျာပါပွေသည့် အတိတ်သမိုင်း

စာရေးသူတို့ မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့သောနိုင်ငံဖြစ်သည်။ သို့သော် ၁၈၈၅ ခုနှစ်တွင် နယ်ချဲ့လက်အောက်သို့ သူ့ကျွန်ဘဝအဖြစ် ကျရောက်ခဲ့ရသည်။ တိုင်းရင်းသားပေါင်းစုံတို့သည် ရရာလက်နက်စွဲကိုင်၍ တော်လှန်ခဲ့ကြသည်။ ခေတ်မီလက်နက်မရှိခြင်း၊ စည်းလုံးညီညွတ်မှု မရှိခြင်းတို့ကြောင့် မအောင်မြင်ခဲ့ကြချေ။ နယ်ချဲ့လက်ပါးစေတို့၏ သွေးထိုးလှုံ့ဆော်မှုတို့ကြောင့်လည်း စည်းလုံးညီညွတ်မှုပျက်ပြားပြီး မအောင်မြင်ခဲ့ကြသည်လည်း ရှိသည်။ အင်္ဂလိပ်နယ်ချဲ့တို့သည် အိန္ဒိယမှ လယ်ယာလုပ်သားများကို ခေါ်ဆောင်လာကြသော်လည်း ချစ်တီးတို့၏ ခေါင်းပုံဖြတ်ခြင်းကို မြန်မာပြည်သူပြည်သားများ ခံစားကြရပြန်သည်။ စီးပွားရေး၊ လူမှုရေးသာမက ငွေကြေးချမ်းသာသူများသာ တက်ရောက်နိုင်သော ပညာရေးကျောင်းများကို ဖွင့်လှစ်၍ ပညာရေးကိုလည်း ဖိနှိပ်ထားခဲ့ကြသည်။

## ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်ကြိုးပမ်းမှုများ

၁၉၃၆ ခုနှစ်တွင် ပြဋ္ဌာန်းသော တက္ကသိုလ်အက်ဥပဒေသည် လူတန်းစားမရွေး ပညာသင်ကြားနိုင်သည့် အခွင့်အရေးမရှိခဲ့ပေ။ ထို့ကြောင့် ကျောင်းသားများသမဂ္ဂကိုဖွဲ့စည်း၍ ကျောင်းသားခေါင်းဆောင်အဖြစ် မောင်အောင်ဆန်းက ဦးဆောင်



၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံမြို့၌ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်၍ တိုင်းရင်းသားခေါင်းဆောင်များက ပင်လုံစာချုပ်လက်မှတ်ရေးထိုးစဉ်။

ဆန့်ကျင်ဆန္ဒပြခဲ့သည်။ ထို့နောက် တို့ဗမာအစည်းအရုံးခေါင်းဆောင် သခင်အောင်ဆန်းဟု သခင်အမည်ခံယူလျက် "သခင်မျိုးဟေ့၊ တို့ဗမာ"ဟူသော ကြွေးကြော်သံဖြင့် မြန်မာပြည်သူပြည်သားများ၏ နှလုံးသားကို ကိုင်လှုပ်နိုင်ခဲ့သည်။ တစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာကြတော့သည်။ မြန်မာပြည်သူတစ်ရပ်လုံးအတွက် လွတ်လပ်ရေးလမ်းစကို မီးမောင်းထိုးပြခဲ့သော နယ်ချဲ့တော်လှန်ရေးသမားကြီး သခင်အောင်ဆန်းပင်ဖြစ်သည်။

ထို့နောက် သခင်အောင်ဆန်းသည် မျိုးချစ်လူငယ်များဖြင့် ရဲဘော်သုံးကျိပ်ကိုဖွဲ့စည်း၍ ဂျပန်ပြည်တွင် စစ်ပညာကို လျှို့ဝှက်စွာသင်ယူခဲ့သည်။ တိုင်းပြည်အတွက် လက်မောင်းသွေးဖောက်၍ သွေးသစ္စာရေသောက်ခဲ့ကြသည်။ စစ်ပညာသင်ကြားပြီးနောက် ဂျပန်တို့၏အကူအညီဖြင့် အင်္ဂလိပ်နယ်ချဲ့တို့အား မြန်မာ့မြေပေါ်မှ နှင်ထုတ်နိုင်ခဲ့သည်။ အင်္ဂလိပ်တို့သည် မြန်မာ့မြေပေါ်မှ ထွက်ခွာသွားသော်လည်း ရောက်ရှိနေသော ဂျပန်တို့သည် စစ်ဘီလူးကဲ့သို့ ရက်စက်ကြမ်းကြုတ်ကြသည်။ မြန်မာပြည်သူပြည်သားများအား နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်ကြပြန်သည်။ ထို့ကြောင့် မြန်မာ့မျိုးချစ်တပ်မတော်၏ ဖခင်ကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းသည် မဟာမိတ်တို့၏အကူအညီကို ရယူ၍ ဖက်ဆစ်ဂျပန်တို့ကို မြန်မာ့မြေပေါ်မှ အပြီးတိုင်တိုက်ထုတ်ခဲ့သည်။

တစ်ဖန် အုပ်ချုပ်ရန်ပြန်ရောက်လာသော အင်္ဂလိပ်နယ်ချဲ့တို့ထံ၌ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာပြည်သူတစ်ရပ်လုံးက မဖြစ်မနေ လွတ်လပ်ရေးပေးရန် တောင်းဆိုကြသည်။ ပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်မှုရှိရန် ကြိုးပမ်းရသည်။ မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်ကို သိမြင်လာအောင် ဟောပြောညွှန်ပြခဲ့သည်။ ထို့ကြောင့် အင်္ဂလိပ်နယ်ချဲ့တို့ထံမှ ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် လွတ်လပ်ရေးပေးပါမည်ဟူသော ကတိစာချုပ်ဖြစ်သည့် "အောင်ဆန်း-အက်တလီ" စာချုပ်ကို အင်္ဂလန်တွင် ချုပ်ဆိုနိုင်ခဲ့သည်။ စာချုပ်ပါအတိုင်း တိုင်းပြုပြည်ပြုလွှတ်တော်ကို ၁၉၄၇ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလအဖွဲ့က ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပေသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ပြနိုင်ခဲ့သော ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေးသည် ရောင်ခြည်သန်းလာနေပြီ ဖြစ်ပေသည်။ ထို့ကြောင့်ပင် ဗိုလ်ချုပ်အောင်ဆန်းအား "မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး" ဟု တင်စားခဲ့ရခြင်းဖြစ်သည်။

## နယ်ချဲ့လက်ပါးစေများ၏ အကြံပက်စက်မှု

ပြည်သူတစ်ရပ်လုံး၏ အားပေးထောက်ခံမှုကို ရရှိထားသော ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ဖဆပလအဖွဲ့အား နယ်ချဲ့လက်ပါးစေတို့က မနှစ်မြို့ကြချေ။ ကိုယ်ကျိုးရှာနိုင်ငံရေးသမားတို့သည် အနေချောင်အစားချောင်ဘဝကိုသာ နှစ်သက်သောကြောင့် အသက်သွေးချွေးပေးဆပ်ပြီး လွတ်လပ်ရေးရယူရန် ကြိုးပမ်းသူများကို မနာလိုမရှုဆိတ်ဖြစ်နေကြသည်။ အင်္ဂလိပ်နယ်ချဲ့တို့နှင့် ပူးပေါင်းလျက် ခေါင်းဆောင်ကြီးများအား လုပ်ကြံရန် လျှို့ဝှက်စီစဉ်ခဲ့ကြသည်။ နယ်ချဲ့လက်ပါးစေတို့သည် တိုင်းတစ်ပါးသားကို အားကိုး၍ မိမိတိုင်းပြည်ကို မတရားသဖြင့် အုပ်ချုပ်ရန်အကြံအစည်များဖြင့် ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်ကိုဖန်တီး၍ စောင့်ဆိုင်းနေကြတော့သည်။

## သွေးမျက်ရည်ကျရသည့်နေ့

ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် နိုင်ငံ့ခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးရပြီးနောက် တိုင်းပြည်၏ ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရန် တိုင်ပင်ဆွေးနွေးကြရမည်ဖြစ်သည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ အတွင်းဝန်ရုံး၌ ဝန်ကြီးများအစည်းအဝေးကို ဂျူဗလီဟောခန်းမတွင် ကျင်းပခဲ့သည်။ ထိုသို့အစည်းအဝေးကျင်းပနေသည့်အချိန် နံနက် ၁၀ နာရီ ၃၇ မိနစ်၌ နယ်ချဲ့လက်ပါးစေ ဂဠုန်ဦးစောခေါင်းဆောင်သောအဖွဲ့၏ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဦးဘဝင်း၊ ဒီးဒုတ်ဦးဘချို၊ သခင်မြ၊ မန်းဘခိုင်၊ ဦးရာဇတ်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ အိုင်စီအက် ဦးအုန်းမောင်နှင့် သက်တော်စောင့် ရဲဘော်ကိုထွေးတို့ သွေးမြေကျခဲ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ကိုးဦးကျဆုံးခဲ့သည့်ဖြစ်ရပ်သည် မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် အမည်းစက်တစ်ခုအဖြစ် ထင်ကျန်ခဲ့သည်။ စက်ဆုပ်ရွံရှာဖွယ်ကောင်းသောလုပ်ရပ်ကို မြန်မာပြည်သူပြည်သားများက ရှုတ်ချသကဲ့သို့ ကြီးမားသော အဖိုးမဖြတ်နိုင်သည့် ဆုံးရှုံးမှုကိုလည်း ယူကျုံးမရဖြစ်ကြရသည်။ ဖြေမဆည်နိုင်ဘဲ မျက်ရည်လှိုင်လှိုင်ကျခဲ့ရသည်။ အုံ့မှိုင်းနေသည့် မိုးသားတိမ်လိပ်တို့ကလည်း မျက်ရည်မိုးသွန်းဖြိုးရွာကျတော့သည်။ ခေါင်းဆောင်ကြီးများ၏ သွေးမြေကျသလို ပြည်သူတို့၏ မျက်ရည်များလည်း မြေခခဲ့ရသည်။ "မြေကြီးလည်းငို၊ မိုးလည်းငို" သော သွေးမျက်ရည်ကျရသည့်နေ့ပင် ဖြစ်ပေသည်။

## အာဇာနည်ဟူသည်

အာဇာနည်ဟူသည်မှာ သင့်၊ မသင့်ကို ခဏချင်းကောင်းစွာသိ၍ ရဲဝံ့စွာဆောင်ရွက်သူ၊ သာမန်သူတို့ထက် လက်ရုံးရည်၊ နှလုံးရည်ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူဟု မြန်မာအဘိဓာန်တွင် ဖော်ပြထားသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများသည် မိမိတို့အကျိုးကိုမမျှော်ကိုးဘဲ တိုင်းပြည်နှင့်လူမျိုး လွတ်လပ်ရေး၊ တိုးတက်ဖွံ့ဖြိုးရေးကိုသာ လိုလားသူများဖြစ်သည်။ အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားခဲ့ကြသူများဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးအတွက် အသက်ကို ပေးဆပ်ခဲ့သူများဖြစ်သောကြောင့် အာဇာနည်များဟု ခေါ်ဆိုထိုက်ခြင်း ဖြစ်ပေသည်။

## အာဇာနည်နေ့

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ခေါင်းဆောင်ကိုးဦးတို့သည် နယ်ချဲ့လက်ပါးစေတို့၏လက်ချက်ဖြင့် ကျဆုံးခဲ့ကြရသည်။ မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေစဉ် အသက်ပေးဆပ်ခဲ့ကြရခြင်းဖြစ်သည်။ အသက်ကိုစတေး၍ လွတ်လပ်ရေးကို အရယူပေးခဲ့ခြင်းပင် ဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးအတွက် အနစ်နာခံခြင်း၊ ရဲဝံ့စွန့်စားခြင်း၊ မဆုတ်မနစ်သော ဇွဲလုံ့လရှိခြင်း၊ စိတ်ဓာတ်၊ အပြုအမူ၊ အတွေးအခေါ်တို့သည် သူတစ်ပါးထက် သာလွန်မြင့်မြတ်ခြင်းတို့ကြောင့် ထိုနေ့တွင် ကျဆုံးခဲ့ကြသူများကို မေ့မရနိုင်ဖြစ်ကြရသည်။ ထို့ကြောင့် ပြည်သူတို့၏ရင်ထဲမှ လှိုက်လှဲစွာအောက်မေ့တသရှိလျက် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ခေါင်းဆောင်ကြီးကိုးဦး ကျဆုံးခဲ့သော ဇူလိုင်လ ၁၉ ရက်နေ့ကို "အာဇာနည်နေ့"အဖြစ် သတ်မှတ်၍ ဝမ်းနည်းခြင်းအထိမ်းအမှတ်ကို နှစ်စဉ်ကျင်းပရခြင်း ဖြစ်ပေသည်။

**"၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ခေါင်းဆောင်ကိုးဦးတို့သည် နယ်ချဲ့လက်ပါးစေတို့၏လက်ချက်ဖြင့် ကျဆုံးခဲ့ကြရသည်။ မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေစဉ် အသက်ပေးဆပ်ခဲ့ကြရခြင်းဖြစ်သည်။ အသက်ကိုစတေး၍ လွတ်လပ်ရေးကို အရယူပေးခဲ့ခြင်းပင်ဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးအတွက် အနစ်နာခံခြင်း၊ ရဲဝံ့စွန့်စားခြင်း၊ မဆုတ်မနစ်သော ဇွဲလုံ့လရှိခြင်း၊ စိတ်ဓာတ်၊ အပြုအမူ၊ အတွေးအခေါ်တို့သည် သူတစ်ပါးထက် သာလွန်မြင့်မြတ်ခြင်းတို့ကြောင့် ထိုနေ့တွင် ကျဆုံးခဲ့ကြသူများကို မေ့မရနိုင်ဖြစ်ကြရသည်။ ထို့ကြောင့် ပြည်သူတို့၏ရင်ထဲမှ လှိုက်လှဲစွာအောက်မေ့တသရှိလျက် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ခေါင်းဆောင်ကြီးကိုးဦး ကျဆုံးခဲ့သော ဇူလိုင်လ ၁၉ ရက်နေ့ကို "အာဇာနည်နေ့"အဖြစ် သတ်မှတ်၍ ဝမ်းနည်းခြင်းအထိမ်းအမှတ်ကို နှစ်စဉ်ကျင်းပရခြင်းဖြစ်"**

စာမျက်နှာ ၇ သို့ ❖

# ရွှေပြည်သာမြို့နယ်တွင် အာဇာနည်နေ့အကြို အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

ရွှေပြည်သာ ဇူလိုင် ၁၇

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်း၌ ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် အာဇာနည်နေ့အကြို အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲတို့ကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါကလေးစာဖတ်ခန်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက ရွှေပြည်သာမြို့နယ် မြို့ဦးထန်းတပင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား သာမဏေကိုရင်လေးများအား အာဇာနည်နေ့အကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ ကျောင်းသားသာမဏေ



ကိုရင်လေးများက စိတ်ကြိုက်ပန်းချီများ ရေးဆွဲကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော စာအုပ်စာစောင်များနှင့် (၇၅)နှစ်မြောက် အာဇာနည်နေ့ အကြောင်း အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း




## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

## နားဖွင့်အားဆင့် ရှက်ဆောင်စို့

သေနတ်သမား၊ လူရမ်းကားတို့
ပြေးလွှားဝင်လာ၊ ရက်စက်စွာလျှင်
ညီလာစုဝေး၊ ပြည့်အရေးတွက်
ဆွေးနွေးဖြေထုတ်၊ အလုပ်လုပ်သည့်
ဗိုလ်ချုပ်ဦးစီး
ဝန်ကြီးတို့အား၊ ပစ်ခတ်သွားစဉ်
ကြားရသူတို့ ရင်မှာဆို့...။
ပြည်သူ့ဦးသျှောင် ကြွေသည်မို့...။
ပစ်ခတ်ကြသူ၊ တစ်စုလူကို
မွေးမြူစေခိုင်း၊ လူ့အရိုင်းလည်း
တိုင်းသိပြည်သိ၊ သမိုင်းရှိခဲ့
သို့ရှိသော်ငြား၊ သူ့နောက်ပါးက
ညွှန်ကြားခဲ့ကြ၊ ဗြိတိသျှဟု
မဆွရှေးတွင်၊ ထင်းထင်းမြင်သည်
စင်စစ်ဤသို့ သိနိုင်ဖို့...။
ကမ္ဘာတစ်လွှား၊ ယနေ့များ၌
ကြားသိရပါ၊ အခါခါဝယ်
စာနာကင်းလျက်၊ အကြမ်းဖက်တို့
ရက်စက်သော့သွမ်း၊ သမိုင်းနွမ်းအောင်
ရမ်းကားစဉ်ခိုက်၊ နောက်ကွယ်၌လည်း
စိုက်လိုက်မတ်တတ်၊ အရှုပ်ဇာတ်တို့
တွယ်ကပ်လုပ်ကြ၊ သရုပ်မှန်လျှင်
ဧကန်ဤသို့ ရှိသည်မို့...။
အို...
နှစ်ပေါင်းများစွာ၊ ကြာပင်ကြာလည်း
ပြည်ရွာအတွက်၊ သွေးအသက်တို့
ပေးဆက်ဆောင်ကြ၊ လွတ်ရေးရအောင်
လမ်းပြခဲ့ရာ၊ မြင်ကြည့်ပါလော့
အာဇာနည်များ၊ ချစ်သောအားလျှင်
တိုင်းကားရွာပြည်၊ ဖွံ့ဖြိုးစည်အောင်
ညီညာလက်တွဲ၊ အားကုန်နွှဲရင်း
နွှားကွဲအောင်လျှင်၊ ကျားဉာဏ်ဆင်သည့်
ဖြစ်စဉ်မှတ်တမ်း၊ အခန်းခန်းကို
ဖြန့်လွှမ်းသတိ ရှိစေဖို့...။
နားဖွင့်အားဆင့် ရှက်ဆောင်စို့...။ ။

မောင်စိမ်းနောင်(လယ်ဝေး)

❖ စာမျက်နှာ ၆ မှ

### စာပေဖြင့်ညွှန်းတု၍အလေးပြုပါသည်

“သေသောသူကြာလျှင်မေ့”ဟုဆိုသော်လည်း ထိုစကားရပ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများ မပါဝင်ခဲ့ချေ။ သမိုင်းကျောရိုးကို ပြန်ထောက်တိုင်း တောက်ခေါက်ကြရသည်မှာ လူကြီးလူငယ်မရွေး ယနေ့ထိတိုင်ပင်ဖြစ်သည်။ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟူ၍ စံနမူနာပြုပြီး ပြောပြကြသောကြောင့် မြန်မာပြည်သူတို့ ငယ်စဉ်အရွယ်ကတည်းက နှလုံးသားထဲစွဲမြဲထားခဲ့ကြရသည့် ခေါင်းဆောင်ကြီးဖြစ်သည်။ အာဇာနည်နေ့ရောက်တိုင်း မိုးသားတိမ်လိပ်တို့ ညို့မှိုင်းပြီး ရွာသွန်းဖြိုးသည်မှာလည်း နှစ်စဉ်နှစ်တိုင်းပင်။ ပြည်သူအားလုံး၏ စိတ်ဘဝင်သည်လည်း လွမ်းဆွေးခြင်းအပြည့်ဖြင့် ရင်နင့်နေကြရသည်။

စာရေးသူတို့အပါအဝင် ပြည်သူအားလုံး အာဇာနည်ခေါင်းဆောင်ကြီးများကို သတိရကြသည်။ သတိရရုံနှင့် လုံလောက်သည်မဟုတ်ပါ။ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းတို့သည်လည်း ယနေ့ထက်ထိတိုင် အသက်ဝင်နေသေးသည် မဟုတ်ပါလား။ ထိုမိန့်ခွန်းမှာကြားချက်များကို မြန်မာပြည်သူတို့ လိုက်နာကြရပါမည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် “တိုင်းသူပြည်သား လူအများဟာ ဥမကွဲသိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ နယ်ချဲ့သမားကို တကယ်တိုက်မယ့်သူဟာ အချင်းချင်းတိုက်ခိုက်နေဖို့မလိုဘူး” ဟု လမ်းညွှန်မှုပေးခဲ့သည်ကို မှတ်သားလိုက်နာကြရပေမည်။

ဇူလိုင်လ ၁၉ ရက်အာဇာနည်နေ့ရောက်တိုင်း မြန်မာတစ်နိုင်ငံလုံးတွင် အာဇာနည်နေ့အခမ်းအနားကို ကျင်းပပြုလုပ်ကြသည်။ အာဇာနည်ခေါင်းဆောင်ကြီးများကို သတိရလျက် ဝမ်းနည်းကြောင်းကို အလံတော်အား အလံတိုင်တစ်ဝက်လွှင့်ထူ၍ သက်သေပြကြသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သော နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် ဥသြသံပြိုင်ဆွဲ၍ ပြည်သူများကလည်း ရောက်သည့်နေရာမှငြိမ်သက်စွာရပ်ပြီး အလေးပြုလျက်အောက်မေ့တသရှိကြောင်း ပြသကြလေသည်။ စာရေးသူအနေဖြင့် အာဇာနည်နေ့ရောက်တိုင်း အာဇာနည်ခေါင်းဆောင်ကြီးများကို နှမြောတသဖြင့် သတိရမိသည်။ ဥသြသံကြားချိန်၌ မျက်ရည်ဖြိုင်ဖြိုင်ကျရသည်။ ဥသြသံနှင့်အတူ အမိနိုင်ငံတော်အတွက် မိမိတတ်စွမ်းသမျှ အတတ်ပညာဖြင့် တာဝန်ထမ်းဆောင်သွားမည်။ မိမိတိုင်းပြည်၊ မိမိလူမျိုး စည်းလုံးညီညွတ်ရေးအတွက် ကလောင်လက်ဖြင့် စွမ်းဆောင်မည်ဟု သစ္စာဓိဋ္ဌာန်ပြုမိပါသည်။ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုလျက် အနာဂတ်နိုင်ငံတော်သစ်အတွက် တစ်ထောင့်တစ်နေရာမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပါမည်ဟု ကတိသစ္စာပြုလိုက်ပါသည်။ ။

■

# အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင် ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

# အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |



## မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော် ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများ အား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုး၊ အရှေ့ တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထား မှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုး၊ တိုင်းမှူး နှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည် ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၇**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူ များ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန် အတွက် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထိန်ဝင်းနှင့် တာဝန်ရှိသူများသည် အင်းမတပ်နယ် နယ်မြေခံတပ်ရင်းရှိ စံပြဘက်စုံစိုက်ပျိုးမွေးမြူရေး ခြံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန် ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■



## သီပေါဒေသမှထွက်ရှိသည့်နာနတ်သီးများ ယခင်နှစ်ထက်ဈေးပိုမိုရရှိကာ ရောင်းအား နှစ်ဆခန့်ကောင်းမွန်

**မန္တလေး ဇူလိုင် ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါဒေသမှထွက်ရှိသော နာနတ်သီး များသည် အရသာချို၍ အမျိုးအစားကောင်းမွန်သည့်အတွက် ဈေးနှုန်း မှာလည်း ယခင်နှစ်ထက် ဈေးပိုမိုရရှိကာ နှစ်ဆခန့် ရောင်းအားကောင်း နေကြောင်း သိရသည်။

ယခင်နှစ်များက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သွားလာမှုအကန့် အသတ်များရှိခဲ့သဖြင့် ဈေးကွက်ထိုးဖောက်နိုင်ခြင်းမရှိ၍ ဝယ်လိုအား ကျဆင်းခဲ့ရာ နာနတ်သီးတစ်လုံးလျှင် ကျပ် ၃၅၀ ဝန်းကျင်သာဈေးရ ရှိခဲ့ကြောင်း သီပေါမြို့နယ် နမ်အွမ်ရွာမှ နာနတ်စိုက်ပျိုးရောင်းချသူ မရင်ပွန်းက ပြောသည်။

"နာနတ်သီးက ဒီနှစ်မှာရောင်းအားကောင်းပါတယ်။ မနှစ်က ကိုဗစ်-၁၉ ရောဂါကြောင့် ကူးသန်းသွားလာရေးတွေ အဆင်မပြေတဲ့ အတွက် ဈေးကောင်းမရခဲ့ပါဘူး။ အရွယ်အစားအလိုက်ရောင်းချရပါတယ်။ ခုချိန်မှာ နာနတ်သီးအလုံးကြီးတွေက ကုန်သွားပါပြီ။ ဧက ၂၀ စိုက်ပျိုး ထားပြီး အလုံးရေကတော့ ၃၅၀၀၀ လောက်ခန့်မှန်းထားပါတယ်။ ကိုယ်တိုင် အွန်လိုင်းဈေးကွက်နဲ့ ရောင်းပါတယ်။ လက်လီ/လက်ကား လည်း ရောင်းချပေးပါတယ်။ ဒီနှစ်မှာ မြေဩဇာအပါအဝင် စိုက်ပျိုးရေးသုံး သွင်းအားစုတွေ၊ စက်သုံးဆီနဲ့ လုပ်အားခဈေးနှုန်းတွေ မြင့်တက်လာတာ ကြောင့် နာနတ်သီးဈေးနှုန်းက ယခင်နှစ်ထက် ရောင်းဈေးမြင့်လာပေမယ့် စိုက်ပျိုးရောင်းချသူတွေအနေနဲ့ တွက်ခြေကိုက်တယ်လို့ မပြောနိုင်ဘဲ ပုံမှန်အနေအထားသာရှိပါတယ်" ဟု ၎င်းကပြောသည်။

သီပေါဒေသမှ နာနတ်သီးများစွာထွက်ရှိ၍ မူဆယ်၊ ရန်ကုန်၊ မကွေး၊ မန္တလေးနှင့် မြန်မာနိုင်ငံ အလယ်ပိုင်း၊ အောက်ပိုင်းဒေသများသို့ တင်ပို့ရောင်းချကြောင်း၊ နှစ်စဉ် ဇွန်လတွင် ဈေးကွက်သို့ တင်ပို့ရောင်းချကာ



စက်တင်ဘာလတွင် နာနတ်ရာသီကုန်ဆုံးပြီး ပေါ်ဦးစတွင် တစ်လုံးလျှင် တစ်ပိဿာခွဲခန့်အရွယ်များထွက်ရှိ၍ နောက်ပိုင်းတွင် တစ်ပိဿာအောက် အရွယ်များသာထွက်ရှိကြောင်း သိရသည်။

သီပေါနာနတ်သီးများမှာ တစ်ပိဿာအထက်ရှိပါက တစ်လုံးလျှင် ငွေကျပ် ၁၀၀၀ ခန့်ဖြင့် ရောင်းချပြီး အလတ်စားမှာ ၇၀၀ ခန့်နှင့် အသေးဆုံး ၆၀ သားဝန်းကျင်မှာ ကျပ် ၅၀၀ ခန့်ဖြင့် ရောင်းချရကြောင်း၊ နာနတ်သီးမှာ ကချင်ပြည်နယ် အင်းတော်၊ ဗန်းမော်ဒေသများမှလည်း ထွက်ရှိ၍ မန္တလေးဈေးကွက်သို့တင်ပို့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဓနုဖြူမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာလှုပ်ရှားမှု ရက်သတ္တပတ်ဆောင်ရွက်

**ဓနုဖြူ ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ ဖွဲ့စည်း၍ အသိပညာပေးဟောပြောခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းနှင့် သဏ္ဍာန်တူလေ့ကျင့်ပညာပေးခြင်း လုပ်ငန်းများကို ယမန်နေ့က ဓနုဖြူမြို့ ကျုံတနီးကျေးရွာအုပ်စု နေကျော်၊ ရေကျော်ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှု ရက်သတ္တပတ်ဆောင်ရွက်ရာတွင် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာအိချိုဇင်က တိရစ္ဆာန်ကျန်းမာရေး လုပ်သားများဖြင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များဖွဲ့စည်း၍ ကျေးရွာရှိ မွေးမြူသူများအား ကျွဲနွားအရေပြား အကျိတ်နာရောဂါ၊ ခွာနာလျှာနာ ရောဂါနှင့် အာဖရိကဝက်အပြင်းဖျား ရောဂါများအကြောင်း ပညာပေး ဟောပြောခြင်းများပြုလုပ်၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ သည်။

ထို့နောက် ရောဂါဖြစ်ပွားပါက စနစ်တကျခွဲစိတ်စစ်ဆေးနိုင်ရန် နှင့် နမူနာမှန်မှန်ကန်ကန်ကောက်ယူနိုင်ရန်အတွက် သဏ္ဍာန်တူ လေ့ကျင့်ပညာပေးခြင်းလုပ်ငန်းကို နေကျော်ကျေးရွာရှိ တောင်သူ ဦးသိန်းအောင်၏ ဒေသနွားမွေးမြူရေးခြံတွင် လေ့ကျင့်ပညာပေး ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၇**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မောင်ငံရပ် မြစေတီစာသင်တိုက်မှ သံဃာတော်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်ပြီး ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မလွှကုန်းဒွေးကြွယ်ရပ်ကွက်ရှိ နန္ဒဝန်အလယ်ကျောင်းတိုက်၊ မှော်ဘီမြို့နယ် ရေပြာကျေးရွာရှိ သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တောင်ဝှေးထောက်ကျောင်းတိုက်နှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ ပါဠိတက္ကသိုလ် ဥယျာဉ်စာသင်တိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများ၊ ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**







# ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ရတနာပုံ(ဂုံမင်းကွင်း)ကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ သာသနာ့ရောင်ခြည်စာသင်တိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ လောကနန္ဒာပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရွှာမပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ သာသနာ့ရောင်ခြည်ကျောင်းတိုက်နှင့် ကော့သောင်းမြို့နယ်ရှိ ရွှေပြည်သာကျောင်းတိုက်တို့သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီး၊ ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရေတာရှည်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများထုတ်ချေး

**ရေတာရှည် ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ယခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများအား ထုတ်ချေးလျက်ရှိရာ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၈ အုပ်စုရှိ စိုက်ဧက ၃၃၃၃၃ ဧကအတွက် ငွေကျပ်သန်းပေါင်း ၄၉၉၉၉ ဒသမ ၅၀ ခန့် ထုတ်ချေးပေးရန်လျာထား ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရေတာရှည်မြို့နယ်ဘဏ်ခွဲ) မှ သိရသည်။

လယ်မြေတစ်ဧကလျှင် ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ပြီး လက်ရှိအချိန်အထိ ကျေးရွာအုပ်စု ၂၇ အုပ်စုရှိ လယ်ယာမြေ ဧက ၈၂၄၃ ဧကအတွက် တောင်သူ ၁၆၀၈ ဦးအား စိုက်ပျိုးစရိတ်ချေးငွေစုစုပေါင်း ငွေကျပ် သိန်း ၁၂၃၆၄ ဒသမ ၅၀ ကို ထုတ်ချေးပြီးဖြစ်ကြောင်းနှင့် ကျန်ကျေးရွာအုပ်စုများရှိ ယခင်စိုက်ပျိုးစရိတ်ချေးငွေပြေကျေပြီး တောင်သူများအား စက်တင်ဘာလကုန်အထိ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရေတာရှည်မြို့ နယ်ဘဏ်ခွဲ)မှ သိရသည်။ **ရေတာရှည်(ပြန်/ဆက်)**





# ညောင်လေးပင်မြို့နယ်တွင် အကြိမ်(၇၀)မြောက် မြို့လုံးကျွတ် ဝါတွင်းဆွမ်းလောင်းပွဲ ကျင်းပ

**ညောင်လေးပင် ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် အကြိမ်(၇၀)မြောက် မြို့လုံးကျွတ် ဝါတွင်းဆွမ်းလောင်းပွဲအား ဇူလိုင် ၁၅ ရက် နံနက် ၄ နာရီမှစတင် ကျင်းပခဲ့သည်။

ညောင်လေးပင်မြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်း ၃၉ ကျောင်းမှ သံဃာတော်အရှင်သူမြတ် ၆၉၁ ပါးတို့ကို ဝါတွင်းသုံးလပတ်လုံး ဆွမ်းနှင့် ဆွမ်းဟင်းများ ချက်ပြုတ်ဆက်ကပ်လောင်းလှူကြသည်။

**ပါဝင်လှူဒါန်း**

ဆွမ်းလောင်းလှူဒါန်းရာတွင် ညောင်လေးပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဘုန်းမောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းဆိုင်မိုန္ဒမ်နှင့် အဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်တရားသူကြီးနှင့် အလှည့်ကျဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အကျိုးတော်ဆောင်အဖွဲ့များက ပါဝင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်ဆက်)**



# ကော့သောင်းမြို့၌ တီရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ကော့သောင်း ဇူလိုင် ၁၇**

တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုရက်သတ္တပတ်အစီအစဉ်အရ ကော့သောင်းခရိုင်နှင့် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ အသိပညာရရှိစေရန်ရည်ရွယ်၍ ကျွဲ၊ နွား အရေပြားအကျိတ်နာရောဂါ



ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကော့သောင်းခရိုင်နှင့်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်ဇော်ထွန်းက ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သည့် ကျွဲ၊ နွား အရေပြားအကျိတ်နာရောဂါနှင့်ပတ်သက်၍ ရောဂါလက္ခဏာများ၊ ရောဂါကူးစက်ပျံ့နှံ့ပုံနှင့် ရောဂါကာကွယ်ရန် နည်းလမ်းများကို အသိပညာပေးဟောပြောခြင်း၊ ကျွဲ၊ နွား အရေပြားအကျိတ်နာရောဂါ ကာကွယ်ထိန်းချုပ်ရေး နံရံကပ်ဗီနိုင်းပိုစတာများ အသိပေးချိတ်ဆွဲခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များအား လိုက်လံဝေငှခြင်း စသည့်လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြပြီး တိရ စ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များဖြင့် ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ ကြိုတင်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို မြို့နယ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## ကရင်ပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး အသက်(၂၅)နှစ်အောက် ကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပ

**ဘားအံ ဇူလိုင် ၁၇**

ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ် ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/ အမျိုးသမီး အသက်(၂၅) နှစ်အောက် ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီခန့်က ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ပဒုံမာလမ်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ပြိုင်ပွဲမှ ထူးချွန်ထက်မြက်သည့် ကြက်တောင်ရိုက် အားကစားသမားများကို ကရင်ပြည်နယ် လက်ရွေးစင်အဖြစ်ရွေးချယ်ပြီး ဘားအံမြို့တွင် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်၍ ရန်ကုန်မြို့၌ ဩဂုတ်လအတွင်း ကျင်းပမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်စေမည် ဖြစ်ကြောင်း၊ အနိုင်ရရှိရေးကို ပြိုင်ပွဲသတ်မှတ်စည်းမျဉ်းစည်းကမ်း ဥပဒေဘောင်အတွင်းမှ ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားပြီး ပြိုင်ပွဲအားဖွင့်လှစ်ပေးသည်။

**ကြည့်ရှုအားပေး**

အဆိုပါပြိုင်ပွဲကို မြို့နယ် ခုနစ်မြို့နယ်မှ အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းက ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်ထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပနေမှုအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ကြက်တောင် အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





## အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆ )များအား ကွန်ပျူတာဆော့ဖ်ဝဲ ရေးသွင်းနည်း ဆင့်ပွားသင်တန်းဖွင့်

**သနပ်ပင် ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆)အား ကွန်ပျူတာဆော့ဖ်ဝဲ ရေးသွင်းနည်း ဆင့်ပွားသင်တန်းကို ယနေ့နံနက် ၁၀ နာရီ၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သနပ်ပင်မြို့နယ်အတွင်း ဆောင်ရွက်ပြီးခဲ့သော နိုင်-၄ ကိုယ်ရေးအချက်အလက်များအား အခြေခံ၍ တိကျမှန်ကန်သော အိမ်ထောင်စုလူဦးရေစာရင်း(၆၆/၆) ဖြစ်စေရေးအတွက် Program စနစ်တစ်ခုဖြင့် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပြီး မြို့နယ်အတွင်း လူဦးစာရင်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို သိရှိနိုင်ရန်လိုအပ်လာလျှင်လည်းကောင်း၊ မှန်ကန်တိကျသော အထောက်အထားများကို အမြန်ဆုံး သိရှိအထောက်အကူဖြစ်စေရန်အတွက် အိမ်ထောင်စုလူဦးရေစာရင်း(၆၆/၆) များအား Software Program ထည့်သွင်းနိုင်ရေး သင်တန်းပို့ချရခြင်းဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ဌွေးက ရှင်းလင်းပြောကြားသည်။

အဆိုပါဆင့်ပွားသင်တန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်၊ မြို့နယ်ဦးစီးမှူးဦးတင်ဌွေးနှင့်ဝန်ထမ်းများက သင်တန်းပို့ချနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သင်တန်းသို့ ဌာနဆိုင်ရာအသီးသီးမှ ကွန်ပျူတာကျွမ်းကျင်ဝန်ထမ်း ၃၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်၌ ကွမ်းလုံ အမှတ်(၂)တံတား တည်ဆောက်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့အနီး လားရှိုး-သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော် တရုတ်နယ်စပ် ကုန်သွယ်ရေးကားလမ်းပေါ်ရှိ သံလွင်မြစ်ကိုဖြတ်၍ အမှတ်(၂)ကွမ်းလုံတံတားတစ်စင်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ရှိ China Yunan Sunny Road Bridge Co.,Ltd. မှ တာဝန်ယူတည်ဆောက်လျက်ရှိသည်။

ကွမ်းလုံအမှတ်(၂)တံတားသည် လက်ရှိကွမ်းလုံအမှတ်(၁)ကြိုးတံတား၏ အထက်လေးမိုင်ခန့် အကွာတွင်ရှိပြီး တံတားအမျိုးအစားမှာ ကြိုတင်အားဖြည့် သေတ္တာပုံရက်မသံကူကွန်ကရစ်တံတား ဖြစ်သည်။ တံတားအရှည် ၂၈၆ မီတာ၊ တံတားအကျယ် ၁၂ မီတာ လေးလမ်း သွားခေတ်မီကွန်ကရစ် တံတားကြီးဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတို့မှ တာဝန်ရှိသူများသည် တံတားတည်ဆောက်ရန် အကြိုအင်ဂျင်နီယာလုပ်ငန်းဖြစ်သော Feasibility Study (F.S)ပြုလုပ်ရေးနှင့် ပတ်သက်၍ နားလည်မှုစာချွန်လွှာ (MoU)ကို နေပြည်တော်၌လက်မှတ်ရေးထိုးခဲ့ကြပြီး သဘောတူညီချက်များအရ တရုတ်အင်ဂျင်နီယာ ၂၅ ဦးတို့သည် ၂၀၁၉ ခုနှစ် မတ် ၂၂ ရက်မှ မေ ၁၅ ရက်အတွင်း ကွမ်းလုံတံတားအသစ် တည်ဆောက်မည့်နေရာသို့ သွားရောက်၍ အကြိုအင်ဂျင်နီယာ Feasibility Study (F.S)လုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ကွမ်းလုံတံတားဟောင်းကြီးသည် ၁၉၅၆ ခုနှစ်မှစတင်တည်ဆောက်သုံးစွဲခဲ့ရာ သက်တမ်းမှာ ၅၅ နှစ်ရှိပြီး ပျက်စီးနေပြီဖြစ်သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ တာဝန်ရှိသူများက အကြိမ်ကြိမ်လာရောက်စစ်ဆေး၍ နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေများဖြင့် သစ်သားကြမ်းခင်းများအစား သံမဏိသံပေါင်ကြမ်းခင်းများ လဲလှယ်ခြင်းလုပ်ငန်းကို BOT ယူထားသော Oriental Highway Co.,Ltd. နှင့် ပူးပေါင်းပြုပြင်သုံးစွဲခဲ့ရာမှ ယခုအခါ ကွမ်းလုံတံတားအသစ် အမှတ်(၂)ကို တရုတ်နိုင်ငံ အကူအညီဖြင့် တည်ဆောက်နေခြင်းဖြစ်သည်ဟု သိရသည်။

**ခရမ်းစိုးမြင့်**



တရုတ်နိုင်ငံအကူအညီဖြင့် တည်ဆောက်နေသည့် ကွမ်းလုံတံတားအမှတ်(၂)ကို တွေ့ရစဉ်။

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့်ပြည်သူများ Drone ယာဉ်များယူဆောင်လာခြင်း၊ လွှတ်တင်ခြင်း မပြုလုပ်ရန် ကြိုတင်အသိပေး ကြေညာချက်

အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း



## အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့်ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း (၁၀) မျိုးစာရင်း




## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် အတွင်းသို့ ဝင်ရောက်ခွင့် မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ❖ သတ်မှတ်ပေးထားသောနေရာများတွင်စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်၊ နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်)ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြု ကတ်ပြားယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက် အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် (Covid-19)ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အာဇာနည်ဗိမာန် အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက်စနစ်တကျတပ်ဆင်ရန်၊ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်၊ နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့် တစ်ဦး (၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့် တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် (Covid-19)ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်၊ အစုလိုက် အလေးပြုသည့်အချိန်အား (၁၅)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- ❖ သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းဆုံတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်၊ နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်)ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေး အချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့် တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် (Covid-19)ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

# အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုစတင် ဆောင်ရွက်



ကဘူးလ် ဇူလိုင် ၁၇

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဘာဂလန်ပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်တစ်ရပ်ကို ယနေ့ စတင်ခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘာဂလန်ပြည်နယ်တစ်ဝန်းတွင် အသက် ၁၈ နှစ်နှင့်အထက် အမျိုးသား အမျိုးသမီးစုစုပေါင်း ၁၅၀၀၀၀ ကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးညွှန်ကြားရေးမှူး မက်ဆောက် အာမက်ဒီက ပြောကြားသည်။

အလားတူ ဂျော်ဂျန်ပြည်နယ်တွင်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယမန်နေ့က စတင်ခဲ့ကြောင်းနှင့် ဂျော်ဂျန်ပြည်နယ်အတွင်း၌ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူစုစုပေါင်း တစ်သိန်းကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နန်ဂါဟာပြည်နယ်အရှေ့ပိုင်းနှင့် ဖာရာပြည်နယ်အနောက်ပိုင်းတို့တွင်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုစတင်တွေ့ရှိခဲ့သည့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီမှ စတင်ကာ လက်ရှိအချိန်အထိ ကူးစက်ခံရသူပေါင်း ၁၈၃၂၈၅ ဦးရှိကြောင်းနှင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၇၇၂၈ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် အာဖဂန်နစ္စတန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ဖ ဒသမ ၄ သန်းကျော် ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



## တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွန်ပြည်နယ်၌ တောင်ကျရေဝင်ရောက်မှုကြောင့် ခြောက်ဦးသေဆုံးပြီး ၁၂ ဦးပျောက်ဆုံး

ချန်ဒူး ဇူလိုင် ၁၇

တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွန်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုမှတစ်ဆင့် တောင်ကျရေများဝင်ရောက်ခဲ့မှုကြောင့် ယနေ့နံနက် ၇ နာရီအထိ ခြောက်ဦးသေဆုံးကာ ၁၂ ဦးပျောက်ဆုံးနေကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

ဘေချွန်ကင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဇူလိုင် ၁၅ ရက် ည ၈ နာရီမှ ယမန်နေ့နံနက် ၈ နာရီအထိ သည်းထန်စွာရွာသွန်းခဲ့သည့်မိုးသည် မြို့နယ် ၁၃ မြို့နယ်နှင့် လူပေါင်း ၂၂၃၀၀၀ နီးပါးအား ထိခိုက်မှုရှိခဲ့ကြောင်း သိရသည်။

မြစ်တချို့၌ သိသိသာသာရေများမြင့်တက်မှုရှိခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် ရွှံ့များ၊ သဲများနှင့် ကျောက်တုံးများလည်း ရောနှောမျောပါမှုဖြစ်ပွားခဲ့ကြောင်းနှင့် တောင်ကျရေဝင်ရောက်မှုကြောင့် ဘေရှီမြို့၌ ခြောက်ဦးသေဆုံးကာ ၁၂ ဦးပျောက်ဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အာဏာပိုင်များက ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရန်နှင့် လမ်းများနှင့် ဆက်သွယ်ရေးအဆောက်အအုံများကို ပြန်လည်ပြုပြင်ရန် ကယ်ဆယ်ရေးလုပ်သား ၄၀၀ ကျော် စေလွှတ်ထားကြောင်း သိရသည်။

လက်ရှိတွင် ဘေရှီမြို့မှ ပြည်သူ ၄၈၀ အပါအဝင် လူပေါင်း ၁၃၀၀ ကျော်ကို ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## အီတလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ သန်း ၂၀ ကျော်ရှိလာ

ရောမ ဇူလိုင် ၁၇

အီတလီနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၀၀၀၀ နီးပါး စစ်ဆေးတွေ့ရှိခဲ့ရာ အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၂၀ ဒသမ ၀၈ သန်းအထိ မြင့်တက်လာကြောင်း အီတလီကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အီတလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် သန်း ၂၀ ကျော်ရှိပြီး ရောဂါကူးစက်ခံရသည့် ကမ္ဘာ့နိုင်ငံများအနက် ရောဂါကူးစက်ခံရသူအရေအတွက် ခုနစ်နိုင်ငံမြောက် အများဆုံးဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်များအရ သိရသည်။

မကြာသေးမီရက်သတ္တပတ်များမှစပြီး နေ့စဉ်ကူးစက်မှုအရေအတွက် တစ်သိန်းခန့်ရှိကာ ရောဂါကူးစက်မှုအရေအတွက် ပိုမိုမြင့်တက်လာခဲ့သည်။

သို့သော် သေဆုံးမှုနှုန်းနှင့် ရောဂါပြင်းထန်စွာခံစားရသူအရေအတွက် သိသိသာသာ လျော့ကျသွားကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



## ဖိလစ်ပိုင်နိုင်ငံ၌ ရောဂါကူးစက်ခံရသူ ၂၅၆၀ ထပ်မံတွေ့ရှိ

မနီလာ ဇူလိုင် ၁၇

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၆၀ ထပ်မံတွေ့ရှိခဲ့ရာ အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၃၇၃၃၁၀၁ ဦး ရှိကြောင်း သိရသည်။

သို့သော် အဆိုပါရောဂါကူးစက်မှုကြောင့် ထပ်မံသေဆုံးသူမရှိခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၀၆၄၁ ဦးရှိပြီဖြစ်သည်။

ထို့ပြင် ပိုးတွေ့ဆဲလူနာ ၁၉၈၇၃ ဦးရှိပြီး အဆိုပါအရေအတွက်သည် ဧပြီ ၁၈ ရက်မှစပြီး ပိုးတွေ့ဆဲလူနာအရေအတွက် အများဆုံးဖြစ်သည်။

နိုင်ငံအတွင်း၌ ရောဂါကူးစက်ခံရသူ ၂၀၀၀ ကျော်တွေ့ရှိခဲ့သည်မှာ လေးရက်ဆက်တိုက်ရှိပြီဖြစ်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ထို့ပြင် ရောဂါကူးစက်ခံရသူအရေအတွက် မြင့်တက်လာသော်လည်း ပြင်းထန်စွာခံစားရသူအရေအတွက်နှင့် ဆေးရုံ၌ တက်ရောက်ကုသမှုခံယူသူအရေအတွက် လျော့ကျသွားကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦး တွေ့ရှိခဲ့ပြီး အဆိုပါအရေအတွက်သည် နေ့စဉ်ကူးစက်မှုအရေအတွက် အများဆုံးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ရှိသည့်အနက် လက်ရှိအချိန်အထိ ၇၁ သန်းကျော်အား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၀၀၀ ကျော် လေးရက်ဆက်တိုက်ရှိလာ

နယူးဒေလီ ဇူလိုင် ၁၇

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၀၀၀ ကျော် ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ နေ့စဉ်ရောဂါ ကူးစက်ခံရသူအရေအတွက် ၂၀၀၀၀ ကျော်ရှိခဲ့သည်မှာ လေးရက်ဆက်တိုက်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၅၂၈ ဦးရှိခဲ့ခြင်းကြောင့် ကူးစက်ခံရသူပေါင်း ၄၃၇၅၀၅၉၉ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၉ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၅၂၅၇၀၉ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၁၄၃၄၄၉ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၇၇၉၀ ရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၀၈၁၄၄၁ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ နှစ်ဘီလီယံအထိ ထိုးနှံပေးနိုင်ရန် မျှော်မှန်းထားပြီး ယနေ့နံနက်ပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၁၉၉၉၈၈၉၀၉၇ လုံးထိုးနှံပေးပြီးဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က လောင်စာဆီများ ပိုမိုထုတ်လုပ်ရန် အာရပ်နိုင်ငံများအား တိုက်တွန်းပြောကြားခဲ့သော်လည်း ရလဒ်ထွက်ပေါ်ခြင်းမရှိသေး

ဝါရှင်တန် ဇူလိုင် ၁၇

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က လောင်စာဆီများ ပိုမိုထုတ်လုပ်ရန် အာရပ်နိုင်ငံများအား တိုက်တွန်းပြောကြားခဲ့သော်လည်း ရလဒ်ထွက်ပေါ်ခြင်းမရှိသေးကြောင်း ယနေ့သတင်းများအရ သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒက်ရှ်မြို့၌ ကျင်းပသည့် ထိပ်သီးအစည်းအဝေးတွင် သမ္မတ ဂျိုးဘိုင်ဒင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါထိပ်သီးအစည်းအဝေးသို့ အီဂျစ်၊ ဂျော်ဒန်၊အီရတ်နှင့်ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကောင်စီအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

အစည်းအဝေး၌ ခေါင်းဆောင်များက ကမ္ဘာ့လောင်စာဆီဈေးကွက် လိုအပ်ချက်ပြည့်မီစေရန် တိုးမြှင့်ထုတ်လုပ်ရေးအတွက် သဘောတူညီခဲ့သော်လည်း တိကျသောအဖြေကိုမရရှိခဲ့ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ဆိုသည်။




လာမည့်လအနည်းငယ်အတွင်း အဆိုပါရလဒ်ထွက်ပေါ်မှုနှင့်ပတ်သက်၍ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း ဂျိုးဘိုင်ဒင်က ပြောသည်။

ဂျိုးဘိုင်ဒင်က ကမ္ဘာ့လောင်စာဆီဈေးနှုန်းများ မြင့်တက်လျက်ရှိစဉ် လောင်စာဆီများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ရေနံတင်ပို့သည့်နိုင်ငံများအဖွဲ့ (အိုပက်)က ဩဂုတ်လအတွင်းကျင်းပမည့် အစည်းအဝေးတစ်ရပ်တွင် အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ အလေးပေးဆွေးနွေးသွားမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီးက ဆိုသည်။

ထို့ပြင် အရှေ့အလယ်ပိုင်းနိုင်ငံများ၏ လေကြောင်းစစ်ဆင်ရေးစနစ်ကို အဆင့်မြှင့်တင်ရန် အစီအစဉ်ရှိကြောင်း အဆိုပါထိပ်သီးအစည်းအဝေး၌ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၀၄၇ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ ဇူလိုင် ၁၇

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၀၄၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၆၁၉၀၄၅ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

**ဒေသတွင်းကူးစက်ခံရသူများဖြစ်**

ရောဂါကူးစက်ခံရသူများအနက် သုံးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၅၀၄၄ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း လေးဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၈၄၈ ဦး ရှိလာပြီဖြစ်သည်။

သို့သော် လူနာ ၃၇၇၀ ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၄၅၄၀၇၁၆ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၄၂၄၈၁ ဦးရှိပြီး ယင်းတို့အနက် ၆၀ သည် ရောဂါပြင်းထန်စွာခံစားနေရကာ ၃၄ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၅ ဒသမ ၉ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၃ ဒသမ ၈ ရာခိုင်နှုန်းသည် ကာကွယ်ဆေးအပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်၍ ၄၉ ဒသမ ၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# တရုတ်နိုင်ငံ ဟိုင်နန်လေကြောင်းလိုင်းက ဆားဘီးယားနိုင်ငံသို့ တိုက်ရိုက်လေကြောင်းပြေးဆွဲမှုစတင်

ဘဲလ်ဂရိတ် ဇူလိုင် ၁၇

တရုတ်နိုင်ငံ ဟိုင်နန်လေကြောင်းလိုင်းသည် တရုတ်နိုင်ငံနှင့် ဆားဘီးယားနိုင်ငံတို့အကြား တိုက်ရိုက်လေကြောင်းပြေးဆွဲမှုကို ယမန်နေ့တွင် စတင်ခဲ့ကြောင်းနှင့် တိုက်ရိုက်လေကြောင်းပြေးဆွဲမှုအား ကြိုဆိုသည့် အခမ်းအနားကိုလည်း ဘဲလ်ဂရိတ် နီကိုလာတီစလာလေဆိပ်၌ ကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ဆားဘီးယားနိုင်ငံ အနေဖြင့် တရုတ်နိုင်ငံမှ ခရီးသွားများနှင့် စီးပွားရေး လုပ်ငန်းရှင်များကိုလည်း ဆွဲဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း တာဝန်ရှိသူအများအပြားနှင့်အတူ တိုက်ရိုက်လေကြောင်းပြေးဆွဲမှုကို ကြိုဆိုသည့်အခမ်းအနားသို့ တက်ရောက်လာသည့် ဆားဘီးယားနိုင်ငံ သမ္မတ အလက်ဇန္ဒာဗူဆစ်က ပြောကြားသည်။

**ကြိုဆို**

ပေကျင်းမှ ဆားဘီးယားနိုင်ငံသို့ ထွက်ခွာလာသည့် ပထမဆုံး လေယာဉ်သည် ယမန်နေ့ နံနက်ပိုင်းတွင် ဘဲလ်ဂရိတ် နီကိုလာတီစလာ လေဆိပ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါ လေယာဉ်ကို ဆားဘီးယား သမ္မတဗူဆစ်နှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။

ယင်းပထမဆုံး လေယာဉ်ပေါ်တွင် ခရီးသည်များနှင့်အတူ ဆားဘီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချန်ဘိုလည်း လိုက်ပါလာကာ တိုက်ရိုက်လေကြောင်းပြေးဆွဲမှုကို ကြိုဆိုသည့်အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**





# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀ ဒသမ ၇၆ သန်းကျော်ရှိလာ

ဟန်နွိုင်း ဇူလိုင် ၁၇

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၄၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကူးစက်ခံရသူပေါင်း ၁၀၇၆၀၅၉၅ ဦးရှိလာကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**သေဆုံးသူပေါင်း ၄၃၀၉၁ ဦးရှိ**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူတစ်ဦးမျှမရှိသော်လည်း နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိချိန်မှစတင်ကာ လက်ရှိအချိန်အထိ အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၄၃၀၉၁ ဦးရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၉၈၁၄၂၇၆ ဦး ရှိလာကြောင်းနှင့် ယင်းအရေအတွက်သည် ကူးစက်ခံရသူပေါင်း၏ ၉၁ ရာခိုင်နှုန်းကျော်ရှိကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၃၈ ဒသမ ၇ သန်းနီးပါးအသုံးပြုပြီးဖြစ်ကြောင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူပေါင်း ၂၀၉ ဒသမ ၂ သန်းကျော်ကို ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်း၊ မိုဘိုင်းဖုန်း အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဇူလိုင် ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဘားအံပြည်နယ်မှူးဦးစီးသည့်အဖွဲ့သည် မြဝတီ–မော်လမြိုင် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် စစ်ဆေးမှုများ ဆောင်ရွက်နေစဉ် ကျားကလေးလမ်း ကျုံဖဲကျေးရွာအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် အေးခဲအသားတုမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်ခရိုင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ဦးဆောင်၍ ဌာနဆိုင်ရာပူးပေါင်း အဖွဲ့စုံဖြင့် မူဆယ်မြို့ စွမ်စော်ရပ်ကွက် နမ့်ခမ်းသွားလမ်း မြေနီကားကွင်းအနီး၌ နမ့်ခမ်းမြို့မှ ဝင်ရောက်လာသော ကုန်တင်ယာဉ်နှစ်စီးကို သွားရောက် စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်မုန့်မျိုးစုံ၊ လူသုံးကုန်နှင့် မိုဘိုင်းဖုန်းအပိုပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေ ၂၈၃၈၈၇၆၆ ကျပ်)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသော ကုန်တင်ယာဉ် နှစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၁၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၆၉၃၈၈၇၆၆ ကျပ် ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၅ ရက်တွင် မြဝတီ–မော်လမြိုင် ကားလမ်းဘေးအတွင်းရှိ ကျုံစောက်ကျေးရွာ၌ ကုန်တင်ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဂက်စ်အိုးခွံနှင့် ဆက်စပ်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်း မျိုးစုံ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၁၁၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ခြောက်ဘီး ကုန်တင်ယာဉ်တစ်စီး(ခန့်မှန်း တန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)ကို လည်းကောင်း၊ မြဝတီ(OSS)ကုန်သွယ်ရေးဇုန်အတွင်း၌ ကုန်တင်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ဖိနပ်မျိုးစုံ (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၈၂၅၉၅၀)ကို လည်းကောင်း၊ ဇူလိုင် ၁၆ ရက်တွင် သံလွင်တံတား(ဘားအံ)စစ်ဆေးရေးဂိတ်၌ (၂၂)ဘီးကုန်တင်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပြန်လည်ပြုပြင်ထားသော Generator တစ်လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းအား တင်ဆောင်လာသော (၂၂)ဘီးကုန်တင်ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ် (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀)ကို လည်းကောင်း၊ ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့ သို့သွားရောက်မည့် မော်တော်ယာဉ် လေးစီးပေါ်မှ အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၂၃၇၄၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဇူလိုင် ၁၄ ရက်တွင် ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သော ပူးပေါင်းအဖွဲ့က ဘုရားကြီးတိုးဂိတ် အနီး ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော စက်ဘီးများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၃၅၀၀၀)နှင့် အဆိုပါ စက်ဘီးများတင်ဆောင်လာသော (၁၂)ဘီး ကုန်တင်ယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းအရလည်းကောင်း၊ ဇူလိုင် ၁၇ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့တွင် ကျွန်းသစ် ၁၇ ဒသမ ၃၉၇ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၄၉၀၂၀)ကို သစ်တော ဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝေါမြို့နယ် သပြေကန်ကျေးရွာအနီးတွင် လိုင်စင်မဲ့ Hijet မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၃၈၄၀၂၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၁၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပူးပေါင်းအဖွဲ့က ယင်းမာပင်မြို့နယ်တွင် ပိတောက်ခွဲသား သုည ဒသမ ၇၁၉၂ တန်(ခန့်မှန်းတန်ဖိုးငွေ ၄၇၄၆၇၂ ကျပ်)ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ကိုင်းမြို့နယ်တွင် လိုင်စင်မဲ့ Toyota Liteace အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေ ၂၉၇၄၆၇၂ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၇၃၃၄၉၀၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# စမ်းချောင်း၊ အင်းစိန်နှင့် နမ့်ခမ်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၇

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၅ ရက် ညနေ ၆ နာရီတွင် စမ်းချောင်းမြို့နယ် စမ်းချောင်း(မြောက်) ရပ်ကွက် စမ်းချောင်းလမ်း အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းရှေ့တွင် လမ်းလျှောက်လာသည့် မင်းသူရိန် (ခ)ဘေကြီးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ Ecstasy ဆေးပြား ၁၀၀ နှင့် ကတ်တမင်း သုည ဒသမ ၀၀၅ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ည ၈နာရီခွဲတွင် စမ်းချောင်းမြို့နယ် စမ်းချောင်း(မြောက်) ရပ်ကွက် စမ်းချောင်းလမ်း (ပ)ထပ် အမှတ် (၂၃/၂၅)ရှိ ၎င်းနေထိုင်သည့် တိုက်ခန်းသို့ သွားရောက်စစ်ဆေးရှာဖွေရာ Ecstasy ဆေးပြား ၂၇၃၉ ပြား၊ ကတ်တမင်း သုည ဒသမ ၂၅ ကီလို နှင့် ဆေးခြောက် ၃၇ ဒသမ ၃၂ ကီလို စုစုပေါင်း ငွေကျပ် ၁၆၃၆ ဒသမ ၃ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများကို လည်းကောင်း။

**ဖမ်းဆီးရမိ**

ဇူလိုင် ၁၆ ရက် ည ၈နာရီတွင် အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက် တညင်းကုန်းလမ်းဆုံအနီး ခရေပင်လမ်းပေါ်တွင် သက်နိုင်မောင်းနှင်ပြီး မနန်းနဒီ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၉ နာရီတွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၈) ရပ်ကွက် ဦးပေါ်ဦး (၄)လမ်း အမှတ် (၈၇၂/က) နေ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ မချိုချိုဝင်းကို ၎င်း၏နေအိမ်၌ ငွေကျပ် ရှစ်သိန်းနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ထိုနေ့ မွန်းလွဲ ၁ နာရီတွင် နမ့်ခမ်းမြို့ အမှတ်(၁၂) ရပ်ကွက်တွင် တင်ရွှေကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ ကို လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၇-၂၀၂၂ တနင်္လာနေ့

**MRTV HD**

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရပ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီမိုကရေစီဆိုရာဝယ်
၀၉:၁၀ ငွေးမြူရေးရာအဖြာဖြာ
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ ရာဇဝင်ထဲကသမိုင်းအနုပညာ
၁၁:၃၅ ကြွေလည်းဝေမြဲတမ်းတဆဲ
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း–၁၀၆)
၁၃:၃၀ MRTV National News
၁၆:၃၅ ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
၁၇:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝ်စကက်ဘောအက်ဆေး' (အပိုင်း–၂၉)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိမ်မက်' (အပိုင်း–၃၂)

**mitv**

07:02 Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
07:11 Tour Around in Myeik Archipelago (Epi-3) Taung Pan Gyi and Lay Islands
07:24 The Beauty In The North Of Myanmar
07:40 Myanmar Traditional Brass Embossed Painting
08:01 Bogyoke Aung San Museum (Yangon)
08:16 Myanmar Street Foods
08:21 Myanmar's Traditions and Culture: The Golden Land
08:40 Impressionist Myanmar Master Artist - U Lun Gywe
09:01 News
09:26 Global Partnership for Brighter Future: Romania Pavilion at Expo 2020 Dubai
09:34 Discovering Tribes: Taisun (Their Life and Customs) (Part-1)
09:51 CHEF LIFE - PHYO ARBIDANS

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ရှင်သန်နေမယ့်မနက်ဖြန်များ
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
မြန်မာ့မြေမှုစိုက်ပျိုးစီးပွားလူမှုဘဝများ(အပိုင်း–၁)
**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ဇလပ်ရဲ့ရှုံးရာအလှ(အပိုင်း–၁)
**ချင်း (ဒိုး) (၀၉:၀၀ မှ ၁၀:၀၀)**
အစွမ်းထက်တဲ့ဂရုတ်ကောင်းအကြောင်း သိကောင်းစရာ
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ချစ်စရာမွန်ရိုးရာအိမ်
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
အတွေးအမြင်စုံစွာကျွန်တော်တို့လက်ရာ(တန်ဖိုး)
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း–၃)
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ခေါက်ဆွဲချပ်ပြုလုပ်နည်း
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
လီဆူရိုးရာဝတ်စားဆင်ယင်ပုံ
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
တစ်နယ်တစ်ကျေးကကယားတို့ရွာ
**ပအိုဝ်းကရင် (၂၂:၀၀ မှ ၂၃:၀၀)**
မုန့်ဗိုင်းတောင့်လုပ်စားရအောင်

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၂၀ သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ပကောင်းဆိုးဝါး'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း–၄)
၁၁:၀၀ ဒီမိုကရေစီဆိုသည်မှာ(အပိုင်း–၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း–၄)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၅ ကျန်းမာကြံ့ခိုင်အာဟာရပြည့်စေဖို့ ပဲစင်းငုံဟင်းစုံချက်ပြုတ်စားကြစို့
၀၈:၂၀ နှင်းဆီစိုက်ပျိုးခြင်းနှင့်ဈေးကွက်အခြေအနေ
၀၉:၂၀ ပန်းအလှဝေဆာမြေပဒေသာ
၀၉:၂၀ စလင်းမြို့မှအာလူးခင်း
၀၉:၄၅ တိရစ္ဆာန်စာပူလုံပို့စားကျက်သီးနှံစိုက်ကြစို့

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

✻ ကျောဖုံးမှ

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်းပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၁၇**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော မကွေးတိုင်းဒေသကြီး သရက်မြို့နယ်မှ PDF အဖွဲ့ဝင်များကို ၎င်း၏မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် သရက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် သရက်တပ်နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



**ရှင်းလင်းဆွေးနွေး**

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော သရက်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

## တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှု ဆောင်ရွက်

**သံတွဲ ဇူလိုင် ၁၇**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်ကူးစက်ရောဂါ ဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုကို ယမန်နေ့ နံနက်ပိုင်းက သံတွဲမြို့နယ် တောင်ညိုကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလှုပ်ရှားမှုဆောင်ရွက်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာမာမာအေး၊ မြို့နယ်ဦးစီးမှူး ဒေါက်တာကောင်းမြတ်သူတို့က တိရစ္ဆာန်ကူးစက်ရောဂါများဖြစ်သော ခွာနာ၊ လျှာနာရောဂါ၊ အရေပြားအကျိတ်ရောဂါနှင့် အာဖရိကဝက် အပြင်းဖျားရောဂါများနှင့်ပတ်သက်၍ ပြည်သူများအား အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ ထို့နောက် ကျွဲ၊ နွားအကောင်ရေ ၁၅၀ အား ကာကွယ်ဆေးထိုးနှံပေးခြင်း၊ တိုင်းရင်းကြက်များအား အိုင်တူးမျက်စဉ်းခတ်ပေးခြင်းနှင့် ဝက်ခြံပိုးသတ်ဆေးဖျန်း သရုပ်ပြခြင်းများကို အသိပညာပေးပြသခဲ့သည်။

**ခရိုင်(ပြန်ဆက်)**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ကျောင်းအိုးရပ်ကွက်နေ ကျော်ဇင်ထွန်း(ခ) ရှမ်းလေးသည် ၎င်းအသုံးပြုသည့် “Shan Lay” Facebook အကောင့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဟိုပန်မြို့နယ် ဈေးရပ်ကွက်နေ စိုင်းနေလင်းထွန်းသည် ၎င်းအသုံးပြုသည့် “Sai Nay Lin Htun” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အေးကျွန်းကျေးရွာနေ ဝေလင်းထက်သည် ၎င်းအသုံးပြုသည့် “Wai Lin Htet” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေဆင်းစက်မှုလယ်ယာသင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၁၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ဇူလိုင် ၁၆ ရက်က နေပြည်တော် ရေဆင်းရှိ စက်မှုလယ်ယာ သင်တန်းကျောင်း တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သင်တန်းကျောင်းအုပ်ကြီးတို့က တောင်သူများအတွက် ထွန်စက်ကြီး၊ လက်တွန်းထွန်စက်၊ စပါးရိတ်သိမ်းခြွေလှေ့စက်၊ ကောက်စိုက်စက်နှင့် မျိုးစေ့ချစက်များ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းများ ဖွင့်လှစ်ပေးနေမှု၊ ဌာနတွင်း ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများနှင့် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးနေမှု၊ လုပ်ငန်းခွင်ဝင် သင်တန်းများ သင်ကြားပို့ချနေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လယ်ယာသုံး စက်ကိရိယာများ ကိုင်တွယ် အသုံးပြုခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း နည်းပညာ၊ အတတ်ပညာများကို တောင်သူမိသားစုများ ကိုယ်တိုင်ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်နိုင်ရေး၊ ပုဂ္ဂလိကလယ်ယာဝန်ဆောင်မှု လုပ်ငန်းခွင်မှ လုပ်သားများ၏ စွမ်းဆောင်ရည် ပြည့်ဝရေးအတွက် စနစ်တကျလေ့ကျင့်သင်ကြားပေးနိုင်ရန်လိုကြောင်း၊ စက်မှုလယ်ယာ လုပ်ငန်းခွင်အတွက် ကျွမ်းကျင်သော လူသားအရင်းအမြစ် လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေး၊ မြေပြင်ထွန်ယက်သည်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ အသုံးပြုရန်လိုအပ်သော စက်ကိရိယာများကို ခွဲခြားပြီး ထိရောက်သည့်သင်ကြားပေးမှုဖြစ်ရန် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေး မှာကြားပြီး သင်ကြားမှု အထောက်အကူပြု စက်ကိရိယာ ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း(AERDTC)သို့ ရောက်ရှိပြီး သင်တန်းပို့ချဆွေးနွေးမှုများတွင် ထည့်သွင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး သင်တန်းခန်းမများ၊ စားရိပ်သာဆောင်နှင့် သင်တန်းသား အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်တွင် သီးနှံမျိုးများအလိုက်၊ မျိုးကွဲမျိုးစိတ်များအလိုက် မျိုးစေ့များ စုဆောင်းထိန်းသိမ်းထားရှိမှုနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ စာကြည့်တိုက်နှင့် သင်တန်းခန်းမများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မော်တော်ယာဉ်မောင်းနှင်သူသည် တောင်ဆင်း၊ တောင်တက်လမ်း မောင်းနှင်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၁၀၇)

မော်တော်ယာဉ်မောင်းနှင်သူသည် တောင်ဆင်း၊ တောင်တက်လမ်းတွင် မောင်းနှင်ရာတွင် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) အဆင်းနှင့် အတက်မော်တော်ယာဉ်များဆုံရာ၌ ရှောင်တိမ်းရန် အခက်အခဲရှိပါက အဆင်းမော်တော်ယာဉ်သည် လမ်း၏လက်ယာဘက်ဘေးသို့ တတ်နိုင်သမျှ ကပ်၍ ရပ်ပေးပြီး အတက်မော်တော်ယာဉ်ကို ဦးစားပေးရမည်။

(ခ) အကယ်၍ အဆင်းမော်တော်ယာဉ်နှင့် အတက် မော်တော်ယာဉ်များ ဆုံမည့်နေရာ မရောက်မီ အတက် မော်တော်ယာဉ်၏ လမ်းကြောင်း လက်ယာဘက်၌သာ ရှောင်တိမ်းပေးနိုင်သော နေရာလပ်ရှိပါက အတက် မော်တော်ယာဉ်မှ အဆင်းမော်တော်ယာဉ်ကို ရှောင်တိမ်းပေးရမည်။

(ဂ) အကယ်၍အဆင်းနှင့်အတက်မော်တော်ယာဉ်များဆုံသည့်နေရာ၌ ရှောင်တိမ်းရန် မလွယ်ကူခဲ့သော် နောက်ဆုတ်ပေးရန် အခက်အခဲမရှိသော မော်တော်ယာဉ်က နောက်ဆုတ်ပေးရမည်။

(ဃ) အကွေ့တိုင်းတွင် ဟွန်းတီးပြီး အမြန်နှုန်း လျှော့မောင်းရမည်။

(င) အဆင်းမော်တော်ယာဉ်သည် ဂီယာကို ကြားအနေထား၌ သော်လည်းကောင်း၊ ကလပ်(ချ်)ကို နင်းထား၍သော်လည်းကောင်း မောင်းနှင်ခြင်းမပြုရ။

(စ) မော်တော်ယာဉ်သည် အတက်အဆင်း၌ စက်ရပ်သွားလျှင်သော်လည်းကောင်း၊ မော်တော်ယာဉ်ကို ရပ်ထားလျှင်သော်လည်းကောင်း လိမ့်ဆင်းမသွားစေရန် ဘရိတ်များကို အသုံးပြုရမည့်အပြင် လိုအပ်ပါက နောက်ဘီးများကိုပါ ကြမ်းတုံးများဖြင့် ခုထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန



## သထုံငါးလုပ်ငန်းစခန်း၌ အလုပ်သင်နေ့စားဝန်ထမ်းများ လာရောက်လေ့လာ

နေပြည်တော် ဇူလိုင် ၁၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၏ ညွှန်ကြားချက်ဖြင့် ဇွန် ၁၃ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်သည့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP) သင်တန်းကို မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ အလုပ်သင်နေ့စားဝန်ထမ်း ရှစ်ဦးနှင့် ကရင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ခြောက်ဦးတို့က အွန်လိုင်း (Zoom Application)ဖြင့် တက်ရောက်ကြသည်။

### ကွင်းဆင်းလေ့လာ

အဆိုပါသင်တန်းတွင် မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ရှစ်ဦးနှင့် ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ခြောက်ဦးတို့သည် ငါးလုပ်ငန်းသင်တန်းကျောင်း(သထုံ)သို့ ကွင်းဆင်းလေ့လာခဲ့ရာ ပထမဦးစွာ မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယပြည်နယ်မှူး ဦးတင်နိုင်ဝင်းက ငါးလုပ်ငန်းစခန်းနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ရေပေါ်လှောင်အိမ်ဖြင့် ငါးမွေးမြူခြင်း သရုပ်ပြကန်၊ GAqP သရုပ်ပြကန်နှင့် ငါးပြေမ ငါးသားဖောက်ထားမှုကို လေ့လာခဲ့ပြီး သင်တန်းကြီးကြပ်လိုက်ပါလာသည့် ကော့ကရိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစောဖွန်စမိုက်က သင်တန်းသားများကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လက်ပံတန်းမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းများ ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၁၇

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းများ ဖွင့်လှစ်လျက်ရှိရာ ဇူလိုင် ၁၅ ရက်က ရေကန်အုပ်စု မင်းလမ်းရွာတွင် နည်းပညာပေးသင်တန်း ဖွင့်လှစ်ခဲ့သည်။

အဆိုပါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းတွင် မြို့နယ်အဆင့် သက်ဆိုင်ရာဌာနများဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနများမှ သက်ဆိုင်ရာဌာနအလိုက် ပို့ချပေးသည်။ လက်ပံတန်းမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးရစ်ငါးသန်ချိန်တွင် ငါးဖမ်းဆီးမှုမပြုလုပ်စေရေးနှင့် ဌာနမှ တားမြစ်ထားသော ငါးဖမ်းနည်းများဖြစ်သည့် ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးခြင်းနှင့် အဆိပ်ချငါးဖမ်းဆီးခြင်းများ မပြုလုပ်ရေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ဖူးပွင့်မျိုးစေ့ထုတ်သမဝါယမအသင်းက မျိုးစေ့ထုတ်စိုက်ခင်းများကို ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်



မင်းဘူး ဇူလိုင် ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ဖူးပွင့်မျိုးစေ့ထုတ်သမဝါယမအသင်းသည် မုန်းသီတာကုမ္ပဏီလီမိတက်နှင့် အကျိုးတူပူးပေါင်း၍ စပါးမျိုးစေ့ထုတ်စိုက်ခင်းများကို ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး တောင်သူများအတွက် ရောမင်းမျိုးစပါး၊ သဘာဝဓာတ်မြေဩဇာ၊ ယူရီးယားနှင့် ကွန်ပေါင်းဓာတ်မြေဩဇာများ ထောက်ပံ့ပေးလျက်ရှိသည်။

အသင်းအနေဖြင့် ယခုနှစ်မိုးစပါးအတွက် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဧက ၁၅၀၀၊ မင်းဘူး(စကု)မြို့နယ် ကျောက်စံကျေးရွာတွင် ဧက ၅၀၀၊ ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဧက ၅၀၀ တို့ကို ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ရန် လျာထားလျက်ရှိကြောင်းနှင့် ပွင့်ဖြူမြို့နယ်တွင်းသာမက အခြားမြို့နယ်များရှိ တောင်သူများ၏ မျိုးစပါးနှင့် သွင်းအားစုလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မင်္ဂလာဒုံမြို့နယ်၌ တောင်သူများအား မျိုးစေ့နှင့် ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မင်္ဂလာဒုံမြို့နယ်ဦးစီးမှူးရုံး၌ ယနေ့နံနက်ပိုင်းက ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးရာသီတွင် တစ်ဧက တင်း ၁၀၀ ထွက်ရှိရေးအတွက် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို လိုက်နာဆောင်ရွက်ပေးသည့် အကျိုးဆောင်တောင်သူများအား မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဆွေက ရွှေနံ့သာစံပြကျေးရွာမှ အကျိုးဆောင်တောင်သူများအား မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်္ဂလာဒုံ(ပြန်/ဆက်)

❖

# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## စာပေဗိမာန်စာမူဆုရ စာအုပ်များဖြန့်ချိရောင်းချ

### ဆည်းဆာရသစာတမ်းများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ စာပဒေသာ ဒုတိယဆုရရှိသည့် စာရေးဆရာ ဇာတ်ညွှန်းအကယ်ဒမီ ကိုကိုလေး၏ "ဆည်းဆာရသ စာတမ်းများ" စာအုပ်ကို ရောင်းဈေး ငွေကျပ်၂၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

အသက်အရွယ် ဘဝအတွေ့အကြုံကိုအခြေပြုကာ ပတ်ဝန်းကျင် အထိအတွေ့နှင့်ပေါင်းစပ်ပြီး စိတ်ဝင်စားဖွယ် အကြောင်းရပ် ဝေဝေဆာဆာဖြင့် ရေးဖွဲ့ထားသည်။ လောကကြီးတွင် ပတ်ဝန်းကျင်၌ ပြောလေ့ဆိုထရှိပြီး ယဉ်ပါးသောအသုံးအနှုန်းဖြင့် တွင်ကျယ်နေသော အဆိုအမိန့်၊ အပြောအဆို၊ လမ်းညွှန်အမှတ်အသားများထဲကအတွေးကို သမားရိုးကျမှတ်တမ်းခဲ့ကာ မျက်မှောက်ခေတ် မြန်မာစာပေလောကတွင် ခေတ်စားလာသော ရသဟန်စာပဒေသာအဖွဲ့ဖြင့် စုစည်းထားသောကြောင့် စာဖတ်ပရိသတ်များဖတ်ရှုရာတွင် ရိုးအီမသွားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

### လမင်းစန္ဒာ လင်းပါစေနှင့် အခြားဝတ္ထုတိုများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာမ သက်သက်နွယ်၏ "လမင်းစန္ဒာ လင်းပါစေနှင့် အခြားဝတ္ထုတိုများ" စာအုပ်ကို ရောင်းဈေး ငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဝတ္ထုတို ၁၆ ပုဒ်ပါဝင်ကာ ယနေ့ခေတ်ကာလ ပြည်သူများအကြား ပိုမိုအဖြစ်များလာပြီး လူတိုင်းကအလေးဂရုပြုလာကြသော အိမ်တွင်းအကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှု၊ လူကုန်ကူးမှု၊ အွန်လိုင်းအကြမ်းဖက်မှု စသည့် ကြေကွဲစရာဖြစ်စဉ်များအပေါ် အခြေခံ၍ အမှုအခင်း၏သားကောင် အမျိုးသမီးများ၊ ကလေးသူငယ်များ၏ ဘဝနှင့်ဒုက္ခကို မီးမောင်းထိုး ဖော်ကျူးပြထားသော ဝတ္ထုတိုကောင်းလက်ရာမွန်များဖြစ်သည်။

ထို့ပြင် စာရေးသူကိုယ်တိုင်သည်လည်း အမျိုးသမီးရေးရာအဖွဲ့၏ နှစ်သိမ့်ဆွေးနွေးရေးဌာနတွင် နှစ်သိမ့်ဆွေးနွေးသူအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သဖြင့် အကြောင်းအရာပိုင်းဆိုင်ရာ ရေးဖွဲ့ရာ၌ ကျွမ်းကျင်ပိုင်နိုင်သည်ကို တွေ့ရမည်ဖြစ်ပြီး ဝတ္ထုများတွင် ကျူးလွန်ခံရသူ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အုပ်ထိန်းသူများ သင်ခန်းစာရယူနိုင်စေရန်၊ ပညာဗဟုသုတရှိစေရန်၊ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ထိန်းသိမ်းတတ်စေရန်နှင့် မှန်မှန်ကန်ကန် ဆင်ခြင်စဉ်းစားဆုံးဖြတ်နိုင်စေရန် ရည်ရွယ်သော စာရေးသူ၏ စေတနာကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။

### ကချင်ပြည်နယ် တိုင်းရင်းသားများ၏ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု နိုင်ငံရေးစာပေ ဒုတိယဆုရရှိသည့် စာရေးဆရာ ဖွဲ့သန်းသျှင်း (သုံးဆယ်) ၏ "ကချင်ပြည်နယ် တိုင်းရင်းသားများ၏ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း" စာအုပ်ကို ရောင်းဈေး ငွေကျပ်၂၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် အင်္ဂလိပ်-မြန်မာစစ်ပွဲ သုံးကြိမ်ရင်ဆိုင်ပြီး မြန်မာ့အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရသည်မှ ပင်လုံညီလာခံအပြီး ၁၉၄၇ ခုနှစ် ဇွန်လ တိုင်းပြုပြည်ပြုလွှတ်တော် ပထမညီလာခံတွင် ကချင်ပြည်နယ်ဖွဲ့စည်းရေးအတွက် ကချင်ကိုယ်စားလှယ်များ ကြိုးပမ်းခဲ့သည့် နှစ် ၅၀ လွတ်လပ်ရေးတိုက်ပွဲခရီးစဉ်ကို အခန်း ၁၁ ခန်းဖြင့် ဖွဲ့စည်းထားသည်။ ရက်စဉ်သမိုင်း၊ အတ္ထုပ္ပတ္တိအကျဉ်း၊ ဓာတ်ပုံ၊ ကျမ်းကိုးစာရင်း ဝေဝေဆာဆာဖြင့် ပြုစုရေးသားထားသောကြောင့် နိုင်ငံရေးကို စိတ်ဝင်စားသည့် စာဖတ်ပရိသတ်များ ဗဟုသုတတိုးပွားစေမည့်အပြင် အိမ်မှာဆောင်ထားသင့်သော လက်မလွှတ်သင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉ - ၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲအတူတကွသုံးဆောင်

**နေပြည်တော် ဇူလိုင် ၁၇**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန်လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

### လက်ရည်တစ်ပြင်တည်းသုံးဆောင်ခဲ့

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

### ဂုဏ်ပြုစားပွဲများပြုလုပ်

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး



တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား ကျောင်းသူများနှင့် မြို့နယ်အဆင့် အောင်ချက်အကောင်းဆုံးဆုရရှိသော ကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်

**ရွှောင် ဇူလိုင် ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (ဒေသအဆင့်) ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် မြို့နယ်အဆင့် အောင်ချက်အကောင်းဆုံး ကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထက(ရွှောင်) ပြဒါးလင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် အထက(ရွှောင်)မှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်း သီဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကားပြောကြားသည်။

### ဆုများချီးမြှင့်

ယင်းနောက်၂၀၂၂ ခုနှစ် မြို့နယ်အဆင့် အောင်ချက်အကောင်းဆုံးဆုရရှိခဲ့သော အထက(မြိုင်)၊ အထက (ရွှောင်)၊ အထကအင်းကြီး(မြောက်) ကျောင်းများနှင့် လေးဘာသာဂုဏ်ထူးရ ကျောင်းသားကျောင်းသူသုံးဦးတို့ကို ဆုများချီးမြှင့်သည်။

ဆက်လက်၍ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာဂုဏ်ထူးရ ကျောင်းသားကျောင်းသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ကြပြီး အထက(ရေဦး) ကျောင်းသား ကျောင်းသူများက ဓနုရိုးရာသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။ ထို့နောက် လေးဘာသာဂုဏ်ထူးရ ကျောင်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အထက(ရွှောင်) ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းကို သီဆိုကြသည်။

ရွှောင်မြို့နယ်တွင် အခြေခံပညာ စာစစ်ဌာန ငါးခုမှ ဖြေဆိုသူပေါင်း ၆၇၈ ဦး အနက် အောင်မြင်သူ ၂၉၆ ဦးရှိရာ အောင်ချက်ရာခိုင်နှုန်း ၄၃ ဒသမ ၆၆ ဖြင့် အောင်မြင်ကြသည်။ ဘာသာရပ်အလိုက် ဂုဏ်ထူးရရှိသူများမှာ လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၉၇ ဦးရှိသည်။ ဂုဏ်ထူးရဘာသာများမှာ မြန်မာစာ လေးဦး၊ သင်္ချာ သုံးဦး၊ ဓာတု ၁၂ ဦး၊ ရူပ ငါးဦး၊ ဇီဝ ၄၅ ဦး၊ ပထဝီ ၄၁ ဦး၊ သမိုင်း ၂၅ ဦး၊ ဘောဂ ၆၂ ဦး ဂုဏ်ထူးများရရှိခဲ့ကြကြောင်း သိရသည်။

**မိုးမိုးထွေး (ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# အပြုံးပန်းတွေဝေဆာဖို့ ငုံးမွေးမြူရေးဖြင့် မိသားစုဝင်ငွေရှာကြစို့

လူငယ်သုတေသီများ(မွေးသု)

**ကမ္ဘာကြီးနှင့် ငုံးမွေးမြူရေး**


ယနေ့ကမ္ဘာကြီးသည် နည်းပညာများ အဘက်ဘက်မှ တိုးတက်လာသည်နှင့်အမျှ မွေးမြူထုတ်လုပ်ရေးနည်းစနစ်များသည်လည်း တိုးတက်လျက်ရှိပါသည်။ တိုးတက်လာသော မွေးမြူရေးလုပ်ငန်းများတွင် ငုံးမွေးမြူရေးလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် တစ်ကမ္ဘာလုံး ငုံးမွေးမြူရေး၏ သုည ဒသမ ၈၇ ရာခိုင်နှုန်းခန့် လုပ်ကိုင်နေကြပြီး စီးပွားဖြစ်မွေးမြူနေကြသူများလည်းရှိပါသည်။ ငုံးမွေးမြူရေးလုပ်ငန်းသည် နေရာကျဉ်းကျဉ်းနှင့် အကောင်ရေများများ မွေးမြူနိုင်သော လုပ်ငန်းတစ်ခုဖြစ်သည့်အပြင် ကနဦးအရင်းအနှီးနှင့် လုပ်အားမှာလည်း အနည်းငယ်မျှသာ လိုအပ်ပါသည်။ ငုံးမွေးမြူခြင်းသည် ကာလတိုအတွင်း အကျိုးအမြတ်မြန်ဆန်စွာရရှိပြီး စနစ်တကျမွေးမြူပါက ကူးစက်ရောဂါဖြစ်ပွားမှုလည်း နည်းပါးသဖြင့် မိသားစုဝင်ငွေအတွက် တွက်ခြေကိုက်သောလုပ်ငန်းတစ်ခုဖြစ်ပါသည်။

**ငုံးမျိုးများ**

ငုံးဆိုသည်မှာ ရစ်ငှက်မျိုးနွယ်ဝင် မြေကြီးပေါ်တွင် အသိုက်ပြုလုပ်နေထိုင်တတ်သော ငှက်အမျိုးအစားဖြစ်ပြီး ခန္ဓာကိုယ်အရွယ်အစားသေးကာ ခြေတံတိုသည်။ ငုံး၏သိပ္ပံအမည်မှာ Coturnix coturnix ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် ငုံးမျိုးစိတ်ပေါင်း ၁၃၀ ကျော်ရှိပြီး ၎င်းတို့၏ အရွယ်အစားနှင့် အသွင်အပြင်ကိုလိုက်ကာ အနည်းငယ်မျှသာ ကွာခြားပါသည်။ ကမ္ဘာပေါ်တွင် တွေ့ရများသော ငုံးမျိုးစိတ်များမှာ Common quail (Coturnix coturnix)၊ Japanese quail (Coturnix japonica)၊ Blue–breasted quail (Coturnix chinensis) နှင့် Rain quail (Coturnix coromandelica) တို့ဖြစ်ကြပါသည်။ ၎င်းတို့အနက် စီးပွားဖြစ်မွေးမြူရာတွင် မွေးမြူမှုအများဆုံးငုံးမှာ Japanese quail ဖြစ်ပြီး တရုတ်နှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဥစားရန်အတွက် အဓိကမွေးမြူကြကာ ဥရောပနှင့် အမေရိကနိုင်ငံများတွင် အသားအတွက် အဓိကထား မွေးမြူကြပါသည်။ မြန်မာနိုင်ငံတွင်မူ Common quail (Coturnix coturnix)နှင့် Japanese quail (Coturnix japonica)တို့ကို ဥနှင့်အသားအတွက် စီးပွားဖြစ် အများဆုံးမွေးမြူကြပါသည်။

**ထုတ်လုပ်မှုနှင့် စားသုံးမှု**

ယခုအခါတွင် တရုတ်နိုင်ငံ၌ တစ်နှစ်လျှင် ငုံးဥပေါင်း ၄၉၀၀၀၀ မက်ထရစ်တန်နှုန်းဖြင့် အများဆုံး ထုတ်လုပ်လျက်ရှိပြီး တရုတ်ရိုးရာအစားအစာနှင့် နာမည်ကြီးဟင်းလျာအများစုတွင် ငုံးဥသည် မပါမဖြစ် ပါဝင်လျက်ရှိပါသည်။ ကမ္ဘာ့နာမည်ကြီးဟင်းလျာများတွင်လည်း ငုံးဥသည် မပါမဖြစ် ပါဝင်ပစ္စည်းတစ်ခုဖြစ်ပြီး ငုံးသားမှာလည်း လွန်စွာနူးညံ့သောကြောင့် လူကြိုက်များလှပေသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဆဋ္ဌမမြောက် ငုံးဥအများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး တစ်နှစ်လျှင် ငုံးဥပေါင်း ၅၅၀၀၀ မက်ထရစ်တန်ခန့် ထုတ်လုပ်လျက်ရှိပါသည်။ တစ်နိုင်ငံလုံး၏ ၆၀ ရာခိုင်နှုန်းသော ငုံးဥများသည် ငုံးမွေးမြူရေးအများဆုံးလုပ်ကိုင်သော မြန်မာနိုင်ငံအလယ်ပိုင်းရှိ မုံရွာမြို့မှ ထွက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ငုံးဥကို သရေစာအဖြစ် စားသုံးခြင်း၊ ဟင်းချက်ရာတွင် ထည့်ခြင်းများ ပြုလုပ်ပြီး ငုံးကင်နှင့် ငုံးကြော်မှာလည်း မြန်မာလူမျိုးများအကြိုက် အစားအစာများဖြစ်ပေသည်။




**ငုံးဥနှင့် ငုံးသားတို့၏ အာဟာရဓာတ်များနှင့် အကျိုးကျေးဇူးများ**

ငုံးဥတွင် အသားဓာတ်၊ သံဓာတ်၊ အဆီဓာတ်၊ ဗီတာမင် A၊ ဗီတာမင် B1 နှင့် B2၊ ကယ်လ်ဆီယမ်၊ ဆိုဒီယမ်၊ မဂ္ဂနီဆီယမ်နှင့် အခြားသတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်ပေသည်။ ငုံးသား ၁၀၀ ဂရမ်တွင် ပရိုတင်းဓာတ် ၂၅ ဂရမ်၊ အဆီဓာတ် ၁၄ ဂရမ်၊ ကယ်လိုရီဓာတ် ၂၂၇ တို့ပါဝင်ပြီး ကာဗိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်နှင့် သကြားဓာတ်များ မပါဝင်ပါ။ ထို့ပြင် သံဓာတ်၊ ဇင့်ဓာတ်၊ ဗီတာမင် B3 နှင့် B6 များ ကြွယ်ဝစွာပါဝင်ပေသည်။ ငုံးဥစားသုံးခြင်းဖြင့် ခုခံစွမ်းအား ကောင်းမွန်စေခြင်း၊ ခန္ဓာကိုယ်တွင်း ဇီဝပြောင်းလဲမှုဖြစ်စဉ်ကို တိုးတက်စေခြင်း၊ အမြင်အာရုံ ကောင်းမွန်စေခြင်း၊ အရိုးအဆစ်များ သန်မာစေခြင်း၊ ဓာတ်မတည့်မှုကို သက်သာစေခြင်း၊ စိတ်ဖိစီးမှုကို သက်သာစေခြင်း၊ သွေးအားနည်းရောဂါကို သက်သာစေခြင်း အစရှိသည့် အကျိုးကျေးဇူးများစွာ ရရှိစေပါသည်။

**စနစ်တကျ ငုံးမွေးမြူနည်း**

ငုံးမွေးမြူရာတွင် ပထမဆုံးအနေဖြင့် မျိုးရွေးချယ်ရပါမည်။ မျိုးရွေးချယ်ရာ၌ ကြီးထွားနှုန်းကောင်းမွန်သော၊ ဥဥနှုန်းကောင်းမွန်သော၊ ပတ်ဝန်းကျင်ရေမြေရာသီဥတုနှင့်ကိုက်ညီသောမျိုးများကို ရွေးချယ်မွေးမြူသင့်ပါသည်။ ငုံးများသည် အသက် ခြောက်ပတ်သားအရွယ်တွင် ဥဥခြင်းစတင်ပြီး တစ်နေ့တစ်လုံး ဥလေ့ရှိပါသည်။ ငုံးများသည် အသက် လေးပတ်သားအရွယ်ထိ အနွေးဓာတ်ပေးရန် လိုအပ်သောကြောင့် တစ်ပတ်သားအရွယ် ငုံးများကိုရွေးချယ်မွေးမြူမည်ဆိုပါက အနွေးဓာတ်ပေးကာ ပြုစုစောင့်ရှောက်ရပါမည်။ ဥထုတ်လုပ်မှု ဆောလျင်စွာရလိုပါက အသက်လေးပတ်သား အရွယ်ငုံးများကို ရွေးချယ်မွေးမြူသင့်ပါသည်။ ထို့ကြောင့် ငုံးတစ်ကောင်သည် နှစ်လမှ ရှစ်လအထိ ဥဥနှုန်းကောင်းမွန်ပြီး နောက်ပိုင်းတွင် ဥနှုန်းကျဆင်းသွားလေ့ရှိပါသည်။ ဥဥနှုန်း ကျဆင်းသွားသောငုံးများကိုလည်း အသားစားသုံးရန်အတွက် ပြန်လည်ရောင်းချနိုင်ပါသည်။

ငုံးထီးများ၏ ထင်ရှားသည့် သွင်ပြင်လက္ခဏာမှာ နှုတ်သီးအနည်းငယ် ရှည်ထွက်နေပြီး လည်ပင်းမှာ အနီရောင်သန်းကာ ကျောဘက်တွင် အမည်းပြောက်များရှိပါသည်။ ငုံးမများသည် ငုံးထီးများထက် အရောင်ပိုဖျော့၍ လည်ပင်းတွင် ဘယက်ကဲ့သို့ အပြောက်များပါသည်။ ငုံးထီးများသည် ငုံးမများထက် မြည်တွန်သံ ပိုကျယ်သည်။ မျိုးငုံးများ မွေးမြူမည်ဆိုပါက အထီးအမ အချိုး ၁:၅ ခန့် ထားရှိသင့်ပါသည်။ မျိုးငုံးဥများကို စက်နှင့်သားဖောက်ပါက ၁၈ ရက်အကြာတွင် အကောင်ပေါက်လာနိုင်ပါသည်။ ငုံးစတင်မွေးမြူသူများအတွက် ဆောင်ရွက်ရမည့် နည်းလမ်းအချို့ကို ဖော်ပြအပ်ပါသည်–

**ခြံတည်ဆောက်ပုံ**

လှောင်အိမ်ကို ဒေသထွက်သစ်၊ ဝါးတို့ဖြင့်လည်းကောင်း၊ သံဆန်ခါကို အသုံးပြု၍လည်းကောင်း တည်ဆောက်နိုင်ပါသည်။ အလျား လေးပေ၊ အနံ သုံးပေ၊ အမြင့် နှစ်ပေရှိ လှောင်အိမ်တွင် ငုံးကောင်ရေ ၅၀ မွေးမြူနိုင်ပါသည်။ ခြံကို လေဝင်လေထွက်ကောင်းမွန်သော နေရာတွင် ရွေးချယ်ပြီး မွေးမြူရပါမည်။ ဥဥနေသော ငုံးမများကို တစ်ရက်လျှင် အလင်းရောင် ၁၆ နာရီ ရရှိအောင် ဆောင်ရွက်ထားပေးသင့်ပါသည်။

**အစာကျွေးမွေးမှုစနစ်**

ငုံးများကို အစာကျွေးမွေးရာ၌ စနစ်တကျ ရောစပ်ကျွေးမွေးပါက အာဟာရဖြစ်ထွန်းပြီး ဥဥနှုန်း မြင့်မားလာပါမည်။ ပြောင်း၊ ဆန်ကွဲ၊ ပဲဖတ်၊ နှမ်းဖတ်နှင့် ငါးမှုန့်တို့သည် ငုံးများအတွက် အာဟာရဓာတ် ကြွယ်ဝသော အဓိကအစာများဖြစ်သည်။ သတ္တုဓာတ်များနှင့် ဗီတာမင်များကလည်း မပါမဖြစ် အရေးပါလှပေသည်။ ဗီတာမင်ဓာတ်ချို့တဲ့ပါက ဥဥနှုန်းကျဆင်းကာ ဥသက်တမ်းလည်း တိုတောင်းလာပါသည်။ ငုံးအစာတွင် ပရိုတင်းဓာတ် ၂၂ ရာခိုင်နှုန်း၊ အဆီဓာတ် သုံးရာခိုင်နှုန်း၊ အမျှင်ဓာတ် ငါးရာခိုင်နှုန်း အချိုးညီညီ ပါဝင်ရပါမည်။

စာမျက်နှာ ၁၉ သို့ ☼



ငုံးများ စနစ်တကျ မွေးမြူထားသည့် ငုံးမွေးမြူရေးခြံတစ်ခုကို တွေ့ရစဉ်။

> မြန်မာနိုင်ငံအနှံ့အပြားတွင် တစ်ကမ္ဘာလုံး ငုံးမွေးမြူရေး၏ သုည ဒသမ ၈၇ ရာခိုင်နှုန်းခန့် လုပ်ကိုင်နေကြပြီး စီးပွားဖြစ်မွေးမြူနေကြသူများလည်းရှိပါသည်။ ငုံးမွေးမြူရေးလုပ်ငန်းသည် နေရာကျဉ်းကျဉ်းနှင့် အကောင်ရေများများ မွေးမြူနိုင်သောလုပ်ငန်းတစ်ခုဖြစ်သည့်အပြင် ကနဦးအရင်းအနှီးနှင့် လုပ်အားမှာလည်း အနည်းငယ်မျှသာ လိုအပ်ပါသည်။ ငုံးမွေးမြူခြင်းသည် ကာလတိုအတွင်း အကျိုးအမြတ်မြန်ဆန်စွာရရှိပြီး စနစ်တကျမွေးမြူပါက ကူးစက်ရောဂါဖြစ်ပွားမှုလည်း နည်းပါးသဖြင့် မိသားစုဝင်ငွေအတွက် တွက်ခြေကိုက်သောလုပ်ငန်းတစ်ခုဖြစ်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၀၀ | ၁၇၄၅ | ၁၇၄၀ | ၁၇၀၅ | ၁၇၄၅ | ၁၇၆၅ | ၁၇၅၀ | ၁၇၃၀ | ၁၈၂၅ | ၁၈၄၀ | ၁၇၃၅ | ၁၇၄၅ | ၁၇၈၀ | ၁၇၈၀ | ၁၇၈၅ | ၂၀၀၀ | ၂၅၉၀ |
| 95 Ron | ၁၇၄၅ | ၁၇၉၅ | ၁၇၉၀ | ၁၇၅၅ | ၁၇၉၀ | ၁၈၁၅ | ၁၈၀၀ | ၁၇၈၀ | ၁၈၇၀ | ၁၈၉၀ | ၁၇၈၅ | ၁၈၀၀ | ၁၈၃၀ | ၁၈၃၀ | ၁၈၃၀ | ၂၀၅၀ | ၂၆၄၅ |
| HSD (500 ppm) | ၂၁၃၀ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၁၇၅ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၅ | ၂၂၇၅ | ၂၂၇၀ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၁၅ | ၂၄၃၅ | ၂၈၇၅ |
| HSD (50 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၄၉၀ | ၂၈၉၀ |
| HSD (10 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၄၉၀ | ၂၈၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၀၉ | ၁၆၇၅ |
| 95 Ron | ၁၆၅၆ | ၁၇၂၃ |
| HSD (500 ppm) | ၂၀၂၉ | ၂၀၉၉ |
| HSD (50 ppm) | ၂၀၈၄ | ၂၁၅၅ |
| HSD (10 ppm) | ၂၀၈၄ | ၂၁၅၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## ဝမ်းတွင်းမြို့နယ်၌ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ရှားမှုရက်သတ္တပတ်အဖြစ် အသိပညာပေးဟောပြောပွဲ ကျင်းပ

ဝမ်းတွင်း ဇူလိုင် ၁၇

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ "တိရစ္ဆာန်ရောဂါကာကွယ် ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုရက်သတ္တပတ်" အဖြစ် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၃ နာရီက သဘွတ်ကုန်းကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမဖြိုးချစ်က ရာသီဥတုအကူးအပြောင်း၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားမှု လျော့နည်းစေရန်အတွက် တိရစ္ဆာန်များတွင်ဖြစ်ပွားလေ့ရှိသော ရောဂါဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

※ စာမျက်နှာ ၁၈ မှ

ငုံးမွေးမြူရာတွင် ရေသည် အစာကို ကြေညက်စေပြီး ခန္ဓာကိုယ်အပူချိန်ကို ထိန်းညှိရာတွင် အထောက်အကူပြုသောကြောင့် ၂၄ နာရီ ရေအမြဲရရှိရန် လိုအပ်ပါသည်။

**ငုံးတစ်ကောင်၏ တစ်ရက်ပျမ်းမျှအစာစားနှုန်း**

လေးပတ်သား - ၁၅ ဂရမ် (၀ ဒသမ ၉ ကျပ်သား)

ငါးပတ်သား - ၁၅ ဂရမ် (၀ ဒသမ ၉ ကျပ်သား)

ခြောက်ပတ်သား - ၁၈ ဂရမ် (၁ ဒသမ ၁ ကျပ်သား)

ခုနစ်ပတ်သား - ၂၁ ဂရမ် (၁ ဒသမ ၂ ကျပ်သား)

ရှစ်ပတ်သား - ၂၄ ဂရမ် (၁ ဒသမ ၄ ကျပ်သား)

**ကျန်းမာရေးစောင့်ရှောက်မှု**

ငုံးများကို မွေးမြူရာတွင် ပုံမှန်သန်ချဆေးပေးရန် လိုအပ်ပါသည်။ ငုံးများတွင် ချေးဖြူရောဂါ၊ လည်လိမ်ရောဂါ၊ သွေးဝမ်းကျရောဂါ၊ မားရက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် ကြိုတင်ကာကွယ်ထားရန် လိုအပ်ပါသည်။ ဝမ်းရောဂါဖြစ်ပွားပါက ရုတ်တရက် သေဆုံးနိုင်သဖြင့် အစာနှင့်ရေတွင် ဆေးထည့်ကျွေးခြင်းဖြင့် ကြိုတင်ကာကွယ်ထားရန် လိုအပ်ပါသည်။





ငုံးခြံတစ်ခုအတွင်း မွေးမြူထားသော ငုံးများနှင့် ထွက်ရှိသော ငုံးဥများ။

**အဘက်ဘက်မှ အသုံးဝင်သော မွေးမြူရေးလုပ်ငန်း**

ငုံးမွေးမြူရေးလုပ်ငန်းကို စနစ်တကျလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အာဟာရပြည့်ဝသော အသား၊ ဥများ ရရှိသည့်အပြင် ငုံးချေးများကိုလည်း သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်သောကြောင့် အဘက်ဘက်မှ အသုံးဝင်သော မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ငုံးကို ဒေသအလိုက် စနစ်တကျမွေးမြူ၍ ငုံးဥ/ငုံးသားများ ထုတ်လုပ်ခြင်းအားဖြင့် ဒေသနေပြည်သူလူထုအတွက် အာဟာရပြည့်ဝစေပြီး ဒေသစားနပ်ရိက္ခာဖူလုံရေးနှင့် စီးပွားရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ မွေးမြူသူတောင်သူများအတွက်လည်း မိသားစုဝင်ငွေ တိုးတက်စေကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

# ပုံပြင်

## ပန်းချီဆရာနှင့် နွားကျောင်းသား

## သည်းခံစိတ်

**မင်းယုဝေ**

တစ်ရံရောအခါ နာမည်ကျော်ပန်းချီဆရာကြီးတစ်ဦးရှိသည်။ သူသည် တစ်နေ့တွင် နွားထီး နှစ်ကောင် ဒေါသတကြီးဖြင့် တစ်ကောင်နှင့်တစ်ကောင် ဝှေ့နေကြပုံ ပန်းချီကားကြီးကို ရေးဆွဲသည်။

ထိုပန်းချီကားကြီးကို ကြည့်ရှုရသူအပေါင်းပင် ချီးကျူးကြသည်။ "အလွန်အသက်ဝင်သော ပန်းချီပုံပါတကား" ဟူ၍ ပြောဆိုကြသည်။

ဤတွင် ပန်းချီဆရာကြီးသည် ဝမ်းမြောက်ရုံမက ဂုဏ်ယူမဆုံးဖြစ်မိသည်။ ထိုပန်းချီကားကို အဖိုးတန် ပိုးပြင်ပေါ်တွင် ရေးဆွဲထားသည်ဖြစ်ရာ ပန်းချီကားပေါင်ကို ကျောက်စိမ်းများဖြင့် တန်ဆာဆင်လိုက်သည်။ ထို့နောက် ယင်းပန်းချီကားကြီးကို အိမ်ရှေ့တွင်ထုတ်၍ လူအများမြင်နိုင်ရန် ချိတ်ဆွဲပြသထားသည်။

သို့ဖြင့် သူ့အိမ်ရှေ့မှ ဖြတ်သန်းသွားလာသူအပေါင်းပင် ထိုပန်းချီကားကြီးကို ကြည့်ရှု၍ ချီးကျူးမဆုံးရှိကြသည်။ တစ်နေ့တွင် ထိုနေရာသို့ နွားကျောင်းသားတစ်ဦး ရောက်လာသည်။ နွားကျောင်းသားသည်ထိုပန်းချီကားကို ကြည့်ကာ ပြုံးရယ်သည်။

ထိုအခါ ပန်းချီဆရာကြီးက သူ၏ပန်းချီကားကြီးကို သဘောကျသည်ဟုထင်ကာ

"အို.. နွားကျောင်းသားငယ်၊ ပန်းချီတွင် ရေးဆွဲထားသော နွားများသည် သင်ကျောင်းသော နွားများကဲ့သို့ သက်ဝင်လှုပ်ရှားနေသည် မဟုတ်ပါလော။တကယ်သက်ရှိနွားများနှင့် ခွဲခြား၍မရ၊ ပကတိနွားအတိုင်းပင် သဘာဝကျလှသည် မဟုတ်ပါလော" ဟု မေးမြန်းသည်။

ထိုအခါ နွားကျောင်းသားက ပန်းချီဆရာကြီးအား

"ဆရာကြီး ရေးဆွဲသော နွားများမှာတင့်တယ်လှပါသည်။ သို့ရာတွင် နွားများ တစ်ကောင်နှင့်တစ်ကောင် ဝှေ့ခတ်လျှင် အမြီးကိုထောင်၍သာ ဝှေ့ကြပါသည်။ ယခုမူ ဆရာကြီး၏ နွားများမှာ အမြီးများချထားသည်ကို တွေ့ရပါသည်။ ကျွန်တော့်တစ်သက်တွင် အမြီးများချ၍ ဝှေ့ကြသော နွားများဟူ၍ မမြင်ဖူးပါ" ဟု ပြောဆိုလိုက်သည်။

ထိုအခါ ပန်းချီဆရာကြီးမှာ ဘာမျှမပြောနိုင် ငြိမ်သက်၍ သွားလေတော့သည်။ ။

တစ်နေ့သ၌ လူတစ်ယောက်အား ဘုရင်က သူ၏အရည်အချင်းကို ကြားသိရသဖြင့် မင်းမှုထမ်းအရာရှိတစ်ဦးအဖြစ် ခန့်အပ်မည်ဖြစ်ကြောင်း အကြောင်းကြားသည်။

ထိုအခါ သူ၏ရင်းနှီးသောမိတ်ဆွေတစ်ဦးသည် သူ့ထံလာရောက်သည်။

"အဆွေ၊ သင် မင်းမှုထမ်းအရာရှိ လုပ်ကိုင်မည်ဆိုလျှင် အချက်တစ်ချက်ကို သတိပြုရန် ကျွန်ုပ်မှာကြားလိုပါသည်။ အလုပ်တာဝန်ကို ထမ်းဆောင်စဉ် သည်းခံစိတ်ကို အမြဲထားပါ"ဟု ပြောဆိုသည်။ ထိုအခါ မင်းမှုထမ်းအရာရှိလောင်းက... "အဆွေ၊ စိတ်ချပါ၊ သည်းခံစိတ်ကိုကား အကျွန်ုပ်ထားရှိနိုင်ပါသည်" ဟု ပြောကြား၏။

ဤတွင် မိတ်ဆွေဖြစ်သူက... "အဆွေ၊ သည်းခံစိတ်ထားပါ။ သည်းခံစိတ်ကို အမြဲနှလုံးသွင်းပါ" ဟု ဒုတိယအကြိမ်ပြောဆို၏။ ထိုသို့ ဒုတိယအကြိမ် ပြောဆိုရုံမျှဖြင့် အားမရဘဲ သည်းခံစိတ်ထားရန် သုံးကြိမ်တိုင် ပြောဆိုသတိပေး၏။

မင်းမှုထမ်း အရာရှိလောင်းကလည်း သုံးကြိမ်တိုင်ပင် ခေါင်းညိတ်၍ သည်းခံစိတ်ထားမည်ဖြစ်ကြောင်း ကတိပေး ပြောဆိုသည်။ ဤတွင် သူ့မိတ်ဆွေက သည်းခံစိတ်ထားရန် စတုတ္ထအကြိမ် ပြောဆိုပြန်၏။

ဤအကြိမ်တွင်ကား မင်းမှုထမ်းလောင်းသည် ဒေါသထွက်ကာ...

"အဆွေ၊ သင်ကား ကျွန်ုပ်ကိုလူမိုက်၊ လူဆိုးဟုထင်နေသလော။ သည်းခံစိတ်ထားရန် အချက်ကလေးကို အဘယ့်ကြောင့် အကြိမ်ကြိမ် သတိပေးပြောဆိုနေသနည်း"ဟူ၍ ပြန်လည်ပြောဆို၏။

ဤတွင် သူ၏ မိတ်ဆွေက... "အဆွေ၊ သည်းခံစိတ်ထားရန် မလွယ်ပါ။ အခြားကိစ္စများကို မဆိုထားနှင့် ကျွန်ုပ်က သင့်အား စေတနာဖြင့် သည်းခံစိတ်ထားရန် စတုတ္ထအကြိမ်ပြောဆိုရုံမျှဖြင့် သင်သည် သည်းမခံနိုင်။ အမျက်ဒေါသ ဖြစ်နေပြီတကား"ဟူ၍ သက်ပြင်းချ ပြောဆိုလိုက်လေသည်။ ။

**ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

(ယခင်အပတ်မှအဆက်)





## ကဗျာ

# ပန်းမြတ်ဝါဆို

စိမ့်စမ်းလိုဏ်ဂူ မြိုင်ငူကြားသို့
တူတူသွားစို့ ချစ်ညာမော်
အပူထွားလို့ မေတ္တာပေါ်တယ်
လှစ်ကာခေါ်ရင် သွေ့ပါနဲ့။
ထပ်ထပ်လျှမ်းလို့ ချပ်တန်းတခိုမှာ
မြတ်ပန်းဝါဆို ကြိုနှင့်ပါလေရဲ့။
လေအသိမ်းမို့ လှကိန်းဖြာတယ်
ကယိမ်းညာဘယ် ခွေခွေနဲ့
မြစိမ်းညှာဝယ် ရွှေရည်လဲ့လို့
ပြေပြေတလှဲ့ ခိုင်ထွေထွေ။

မေပျို့အသဝါ ဖြူပြာမွတ်တို့
ချူကာဆွတ်လို့ မောင်ပေးပါရဲ့လေ။
ပြေပြေလျော့တဲ့ တကျော့ကေမှာ
ပန်တော့ဝေဝေ သရေတင့်မှ
ပရမေသခင့် နန်းမို့ဂူတော်
လှမ်းစို့ တူပျော်ပျော်။
သစ္စာပေးလို့ ချစ်ရေးမျှော်တယ်
ခင်လေးပျိုမော် ယုံသင့်ပါငဲ့လေး။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



လူမှု ဘ၀

# လူငယ်လုပ်သား မျိုးဆက်များ

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

ကျောင်းသင်ပညာရေးပြီးဆုံး ဘွဲ့ရပြီး၍ဖြစ်စေ၊ ဘွဲ့မရခင် ပညာသင်ရင်း လုပ်ငန်းခွင်ဝင်နေသည် ဖြစ်စေ၊ လူငယ်များသည် အဖွဲ့အစည်းအသီးသီးသို့ လုပ်ငန်းခွင်ဝင်ရောက်ကြရာတွင် အလုပ်ရှင်များနှင့် ထိတွေ့ဆက်ဆံရသည်။ ဤတွင် အလုပ်ရှင်များသည် အလုပ်သမားထိတွေ့ဆက်စပ်မှု မူဝါဒများကို ကျင့်သုံးကာ လုပ်သားများ လုပ်ငန်းခွင်တွင် မြဲမြံရေး ကိစ္စများကို အလေးဂရုပြုလာခဲ့ကြသည်။

လူငယ်လုပ်သား မျိုးဆက်များတွင် Y မျိုးဆက်၌ ၁၉၈၂ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်အကြား မွေးဖွားသူများ ပါဝင်သည်။ ယင်းမျိုးဆက်ကို Millennial မျိုးဆက်များဟု ခေါ်ကြသည်။ ထိုမျိုးဆက်သည် လုပ်ငန်းခွင်အတွင်း အရေအတွက်များပြားစွာ ရောက်ရှိနေသည်။ Millennial မျိုးဆက်သည် Baby Boomer မျိုးဆက်ပြီးနောက်ပေါ်လာသော အသက်အရွယ်အုပ်စု ဖြစ်သည်။ Baby Boomer များ (၁၉၄၆ ခုနှစ်မှ ၁၉၆၄ ခုနှစ်အတွင်း မွေးဖွားသူများ) ကိုလည်း လုပ်ငန်းခွင်များတွင် မျိုးဆက်တစ်ခုအနေဖြင့် တွေ့ရသည်။ သုတေသနတွေ့ရှိချက်များအရ Baby Boomer မျိုးဆက်သည် အသင်းအဖွဲ့၊ အဖွဲ့အစည်းများတွင် တတ်ကျွမ်းနားလည်မှုရှိကြသည်။

အကောင်းမြင်စိတ်နှင့် အလုပ်ချိန်ကြာမြင့်စွာ လုပ်ကိုင်လိုမှုများသည် သူတို့၏အားသာချက် ဖြစ်သည်ဟုဆိုသည်။ သူတို့သည် အလုပ်ရှင် အလုပ်သမား တစ်သားတည်း ညီတူမျှတူ ဆုံးဖြတ်ပိုင်ခွင့်ရှိသော အုပ်ချုပ်ရေးစနစ်နှင့် အသင်းအဖွဲ့အခြေခံသောအလုပ်များထက် ရာထူးဂုဏ်စနစ်ကို ဦးစားပေးသော အဖွဲ့အစည်းများတွင် ကြီးပြင်းခဲ့သော မျိုးဆက်ဖြစ်သည်။

Millennial လူငယ်မျိုးဆက်များတွင် Baby Boomer မျိုးဆက်နှင့် မတူညီကွဲပြားမှုများကို လုပ်ငန်းခွင်တွင် တွေ့မြင်နေရသည်။ Millennial မျိုးဆက်များသည် သူတို့လုပ်ကိုင်ရာ အဖွဲ့အစည်း၏ လုပ်ငန်းခွင်ဆိုင်ရာ အတွေ့အကြုံပေါ်တွင် မတူကွဲပြားသောအမြင်များ ရှိကြသည်။

သူတို့သည် နည်းပညာကျွမ်းကျင်သူများ ပညာတတ်များဖြစ်ကြပြီး မိမိကိုယ်ကို ယုံကြည်မှုရှိသူများဖြစ်ကြသည်။ တစ်ချိန်တည်းတွင် အလုပ်များစွာ လုပ်နိုင်စွမ်းရှိကြသည်။ သူတို့ကိုယ်သူတို့ မျှော်လင့်ချက်ကြီးမားစွာ ထားတတ်ကြသည်။ တစ်ဦးချင်းထက် အသင်းအဖွဲ့နှင့် လုပ်ဆောင်ခြင်းကို ပိုမိုနှစ်သက်ကြသည်။

သူတို့သည် စိန်ခေါ်မှုများကို ရှာဖွေတတ်ကြသည်။ သူတို့အတွက် အလုပ်နှင့်ဘဝ ဟန်ချက်ညီရေးသည် အရေးကြီးသောအချက်ဖြစ်သည်။ သူတို့သည် လက်ငင်းရလဒ်ကို ကြည့်ကြသည်။ မြန်မြန် ရာထူးတိုးလိုကြသည်။

အဖွဲ့အစည်းများတွင် အလုပ်ရှင်များသည် Millennial လူငယ်မျိုးဆက်များနှင့် ထိတွေ့ဆက်ဆံရေးသည် အလွန်အရေးကြီးလာသည်။ ယင်းမျိုးဆက်များ လုပ်ငန်းခွင်တွင် မြဲမြံစွာရှိစေရန် အလုပ်ရှင်များဘက်မှ စိတ်ဓာတ်ခွန်အားပေးခြင်း၊ ယင်းလူငယ်မျိုးဆက်များကို အလုပ်နှင့် အံဝင်ခွင်ကျဖြစ်စေခြင်း စသော စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းများကို ပြောင်းလဲအသုံးပြုလာကြသည်။ စင်စစ် Millennial မျိုးဆက်များသည် အသင်းအဖွဲ့လိုက် ပိုမိုအလုပ်လုပ်ကြသည်။

နည်းပညာကို ပိုမိုအသုံးပြုလာမှုကြောင့် အလုပ်ပြီးမြောက်အောင် ပြုလုပ်သောနေရာတွင် အပြောင်းအလဲများကို ဖန်တီးတတ်ကြသည်။ သူတို့၏ လူမှုဆက်ဆံရေးဆိုင်ရာ စိတ်သဘောထားခံယူချက်များကို အလုပ်ရှင်များ သတိပြုမိလာကြသည်။ ထို့ပြင် Millennial မျိုးဆက်များသည် ဒစ်ဂျစ်တယ်ဆက်သွယ်ရေးတွင် ခေတ်နှင့်အညီ ကျွမ်းကျင်မှု ရှိကြသည်။ သူတို့သည် ကောင်းမှုပြုခြင်းဖြင့် ကောင်းသောအရာများလုပ်နိုင်ရန် ကြိုးစားကြသည်။ လူမှုရေးအကျိုးဆောင်မှုများကို နှစ်သက်ကြသည်။

Millennial မျိုးဆက်များသည် လူမှုကောင်းကျိုးဆောင်ရွက်လိုစိတ်ရှိကြသည်။ ဤသို့ဖြင့် သူတို့သည် ဖန်တီးနိုင်စွမ်း ကောင်းမွန်လာကြသည်။ သူတို့သည် သတင်းအချက်အလက် နည်းပညာများ အဆင်သင့်ရရှိနိုင်သောခေတ်တွင် ကြီးပြင်းလာကြသူများ ဖြစ်သည်။

သူတို့သည် အလွန်ရှုပ်ထွေးခက်ခဲသော မေးခွန်းများကို ဂူဂဲလ်၊ ဝီကီပီးဒီးယားတို့မှ လွယ်လင့်တကူ အဖြေရှာနိုင်ကြသည်။ ထို့ကြောင့် Millennial မျိုးဆက်များသည် ထိုးထွင်းဉာဏ်နှင့်ဖြေရှင်းရသော ပြဿနာများ၊ ခက်ခဲသောပြဿနာများကို အဖြေရှာလိုသော အသင်းအဖွဲ့များတွင် ပါဝင်လှုပ်ရှားကြသည်။

Millennial လူငယ်လုပ်သား မျိုးဆက်များသည် သူတို့၏စွမ်းဆောင်ရည်အပေါ် အကြံပေးချက်များကို စိတ်ဝင်တစား ရှိကြသည်။ သူတို့သည် အလုပ်အပေါ် ကောင်းစွာပြုလုပ်ထားခြင်းကို သိလိုကြသည်။ ၂၀၀၈ ခုနှစ်က "အကျိုးအမြတ်မပါသော ကမ္ဘာထဲမှာ" အမည်ရှိ ဆောင်းပါးတစ်ပုဒ်တွင် Millennial မျိုးဆက်များကို အကြံပေးထားသော စာရင်းတစ်ခုတွင် ဤသို့ ပါရှိခဲ့သည်။

"သူတို့ကို လုပ်ရမယ့်အရာတွေ ချပေးပါ။ အကူအညီများပေးပါ။ ဆန်းသစ်ဖန်တီးခြင်းနဲ့ အရဲစွန့်ခြင်းအတွက် ဆုချပါ။ လမ်းညွှန်ပေးမယ့်အရာများ စီစဉ်ပေးပါ။ လုပ်ဖော်ကိုင်ဖက်ဆိုင်ရာ၊ အသင်းအဖွဲ့ဦးတည်မှုဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ် ဖန်တီးပေးပါ"။

Ref: IELTS Reading Book, Cambridge

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၅၀၇ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၅၇,၁၂၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၈၁၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၇၃၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၆-၇-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၂၉,၉၉၇,၁၂၇) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၅,၈၀၀,၁၃၇) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၁၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၄၈) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၈၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၆၀) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၃၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၁၈၀) ခု | (၆) ဦး |
| စုစုပေါင်း | (၄,၅၀၇) ခု | (၇) ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးမှု (၁၆-၇-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၂၉,၉၉၇,၁၂၇ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၅,၈၀၀,၁၃၇ |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၁၂၅၀၃၉၂ | ၈၆၅၆၁၇၇၄ | ၁၀၄၈၂၂ |
| ၂။ | အိန္ဒိယ | ၄၃၇၅၀၅၉၉ | ၄၃၀၈၁၄၄၁ | ၅၂၅၇၀၉ |
| ၃။ | ဘရာဇီး | ၃၃၂၉၀၂၆၆ | ၃၁၅၃၀၅၅၂ | ၆၇၅၃၅၃ |
| ၄။ | ပြင်သစ် | ၃၂၉၄၂၉၁၀ | ၃၀၅၁၀၃၆၄ | ၁၅၀၅၇၆ |
| ၅။ | ဂျာမနီ | ၂၉၆၉၂၉၈၉ | ၂၇၆၈၂၆၀၀ | ၁၄၂၅၃၃ |
| ၆။ | ဗြိတိန် | ၂၃၀၇၅၃၆၀ | ၂၂၃၅၅၉၃၅ | ၁၈၁၅၈၀ |
| ၇။ | အီတလီ | ၂၀၀၇၆၈၆၃ | ၁၈၄၅၈၄၆၇ | ၁၆၉၈၄၆ |
| ၈။ | တောင်ကိုရီးယား | ၁၈၇၆၁၇၅၇ | ၁၈၃၂၅၀၂၈ | ၂၄၇၄၂ |
| ၉။ | ရုရှား | ၁၈၄၉၀၂၉၆ | ၁၇၉၀၈၈၀၉ | ၃၈၁၈၈၁ |
| ၁၀။ | တူရကီ | ၁၅၂၉၇၅၃၉ | ၁၅၀၉၆၇၇၄ | ၉၉၀၈၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၆၀၅၉၅ | ၉၈၁၄၂၇၆ | ၄၃၀၉၁ |
| ၂။ | အင်ဒိုနီးရှား | ၆၁၃၄၉၅၃ | ၅၉၅၀၅၅၄ | ၁၅၆၈၄၉ |
| ၃။ | မလေးရှား | ၄၆၁၉၀၄၅ | ၄၅၄၀၇၁၆ | ၃၅၈၄၈ |
| ၄။ | ထိုင်း | ၄၅၅၉၀၂၉ | ၄၅၀၄၇၃၄ | ၃၀၉၉၉ |
| ၅။ | ဖိလစ်ပိုင် | ၃၇၃၃၁၀၁ | ၃၆၅၂၅၈၇ | ၆၀၆၄၁ |
| ၆။ | စင်ကာပူ | ၁၅၈၉၀၉၉ | ၁၄၈၄၁၉၄ | ၁၄၅၀ |
| ၇။ | မြန်မာ | ၆၁၃၈၁၆ | ၅၉၂၇၃၆ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၅၂၈ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၈၂၉၅၀ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၄၅၅ | ၁၃၃၂၉၁ | ၃၀၅၆ |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**



## မအီမြို့၌ ဒေသထွက်သရက်သီးများရှားပါးလာ၍ ရင်ကွဲသရက်သီးများ ဈေးကောင်းရ

မအီ ဇူလိုင် ၁၇

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့တွင် သရက်သီးရာသီကုန်ချိန် ရောက်ရှိတော့မည်ဖြစ်၍ ဒေသထွက်သရက်သီးများ ရှားပါးလာမှုကြောင့် ပတ်ဝန်းကျင်ကျေးရွာများမှ မအီမြို့သို့ လာရောက်ရောင်းချကြသည့် ရင်ကွဲသရက်သီးရောင်းချသူများ ဈေးကောင်းရနေကြောင်း သိရသည်။

ယခင်လက ရင်ကွဲသရက်သီးတစ်လုံးလျှင် ငွေကျပ် ၁၀၀၊ သုံးလုံးကို ငွေကျပ် ၂၀၀ ဖြင့် လက်လီဈေးရောင်းရကြောင်း၊ ယခုအခါ သရက်သီးသုံးလုံးကို ငွေကျပ် ၅၀၀၊ အလုံးကြီးပါက ငါးလုံးလျှင် ငွေကျပ် ၁၀၀၀ ဖြင့် ရောင်းချရကြောင်း၊ လက်ကားဈေးဆိုပါက ရင်ကွဲသရက်သီးအလုံး ၁၀၀ ကို ငွေကျပ် ၇၀၀၀ မှ ၈၀၀၀ အထိရှိကြောင်း၊ သယ်ယူစရိတ်အနေဖြင့် သရက်သီး ၁၀၀ ဆံ့ ပီနံတစ်အိတ်/ ခြင်းတောင်းတစ်လုံးလျှင် ကားခငွေကျပ် ၁၀၀၀ ပေးရသော်လည်း ယခုလိုဈေးကောင်းရနေသဖြင့် သရက်သီးကုန်သည်များ ယခင်လများထက် တွက်ခြေကိုက်နေကြောင်း မအီမြို့သို့ ရင်ကွဲသရက်သီး လာရောက်ရောင်းချသည့် တောင်သူများထံမှ သိရသည်။

ရင်ကွဲသရက်သီးများကို မေလဆန်းပိုင်းမှ စတင်၍ ရောင်းချရပြီး ထိုအချိန်က အသီးပေါ်စဖြစ်၍ တောင်သူများအနေဖြင့် ဈေးကောင်းရောင်းချခဲ့ရကြောင်း၊ ဇွန်လတစ်လလုံးတွင် ဒေသထွက်သရက်သီးများ လှိုင်လှိုင်ပေါ်လာ၍ သရက်သီးဈေးများ ကျဆင်းခဲ့ကြောင်း၊ မအီမြို့နယ်တွင် အညင်းတောင်၊ လက်ပံ၊ ဆံထုံး၊ သဒ္ဒွန်၊ ဝက်ရ၊ ချက်ဖောက်၊ ကုန်ဘောင် စသည့် ကျေးရွာများက စိုက်ပျိုးကြ၍ ခန့်မှန်းဧက ၃၀ ခန့်ဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။ **မောင်မောင်ဌေး(ပြန်/ဆက်)**

## မုံရွာမြို့နယ်ထွက် ပဲကြာဆံ ၇၀ ရာခိုင်နှုန်းခန့်မှာ ရန်ကုန်ဈေးကွက်သို့ စီးဆင်းလျက်ရှိ

မုံရွာ ဇူလိုင် ၁၇

မုံရွာမြို့နယ် ကြာဆံစက်ရုံထွက် ပဲကြာဆံ ၇၀ ရာခိုင်နှုန်းခန့်သည် ရန်ကုန်ဈေးကွက်သို့ စီးဆင်းနေကြောင်း၊ မုံရွာမှ ပဲကြာဆံကို ရန်ကုန်နှင့် မန္တလေးဈေးကွက်သို့ အများဆုံးတင်ပို့နေရပြီး ကျန်ဒေသများသို့ အသင့်အတင့်တင်ပို့နေရကြောင်း ကြာဆံစက်ပိုင်တစ်ဦးထံမှ သိရသည်။

"ရန်ကုန်နဲ့မန္တလေးကတော့ အများဆုံးပို့ရပါတယ်။ မုံရွာကထွက်တဲ့ ကြာဆံရဲ့ ၆၀ ရာခိုင်နှုန်းကျော် ၇၀ ခန့်ဟာ ရန်ကုန်သွားတာများတယ်။ နေ့စဉ် ပုံမှန်ထုတ်နေတယ်။ စက်ရုံအနေအထား၊ နေရာအကျယ်အဝန်းပေါ်မူတည်ပြီး နေလှန်းကွက်ကျယ်ရင်ကျယ်သလို ကြာဆံထုတ်လို့ရပါတယ်" ဟု ကြာဆံစက်ပိုင်ရှင်တစ်ဦးက ပြောသည်။

မုံရွာမြို့နယ်ရှိ ကျေးရွာများတွင် ပဲကြာဆံစက်ရုံ ၂၄ ရုံ၊ မုံရွာစက်မှုဇုန်တွင် ရှစ်ရုံ စုစုပေါင်းစက်ရုံ ၃၂ ရုံတွင် ရုံ ၂၀ ကျော် လည်ပတ်နေကြောင်း၊ ကြာဆံစက်ရုံတစ်ရုံမှ တစ်ရက်လျှင် ကြာဆံ ငါးပိဿာထုပ် ၁၄၀ ခန့် ထုတ်လုပ်နိုင်ပြီး ကုန်ကြမ်းကို ယခင်ကကဲ့သို့ ပဲများမသုံးတော့ဘဲ ပဲကော်မှုန့်ကို ရန်ကုန်မြို့ကမှာယူအသုံးပြုကြောင်း၊ မြန်မာနိုင်ငံတွင် ပဲကြာဆံကို မုံရွာမြို့တစ်မြို့တည်းကသာ ထွက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။ **လူလေး**

## ပင်လောင်းမြို့နယ်၌ ချင်းစိုက်တောင်သူများ ဈေးကောင်းရရှိရန်မျှော်လင့်

နောင်တရား ဇူလိုင် ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပေါ့အင်ကျေးရွာအုပ်စု လွယ်တက်ကျေးရွာမှ ချင်းစိုက်တောင်သူများအနေဖြင့် ချင်းဥမနှင့် ချင်းအသစ်များ ဈေးကောင်းရရှိရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

"ယခင်နှစ်က ချင်းဈေးတစ်ပိဿာကို ငွေကျပ် ၁၀၀ မှ ၃၀၀ ကြားဝယ်ကြတော့ မရောင်းဖြစ်ဘဲ အကုန်ပြန်စိုက်လိုက်တယ်။ ဒီနှစ်လည်း အခုအချိန်အထိ ချင်းဈေးမတက်လာဘူး။ အောင်ပန်းကုန်စည်ဒိုင်မှာ တစ်ပိဿာကို ငွေကျပ် ၃၀၀ မှ ၅၀၀ အထိပဲရောင်းရတယ်။ ပွဲစားခ၊ ကားခ၊ အလုပ်သမားခနုတ်ရင် တစ်ပိဿာကို ငွေကျပ် ၁၀၀ လောက်ပဲကျန်တယ်။ ချင်းဥမှာလည်း ဈေးကောင်းမရ၊ ချင်းသစ်လည်း ဈေးကောင်းမရရင်တော့ ရှုံးပြီပေါ့။ ချင်းစိုက်တာ ကုန်ကျစရိတ်သက်သာလို့ တော်သေးတယ်။ အခုလိုပေါက်ဈေးနဲ့သာဆို အများကြီးရှုံးမှာပါ" ဟု လွယ်တက်ကျေးရွာရှိ ချင်းစိုက်တောင်သူတစ်ဦးက ပြောသည်။



ယခုရာသီတွင် ချင်းဥမများကို ပြန်လည်တူးဖော်လျက်ရှိပြီး လုပ်သားနှင့် မြေသြဇာဈေးနှုန်းများခြင်းကြောင့်စိုက်ပျိုးရေးစရိတ်မှာ ယခင်နှစ်များထက် မြင့်မားနေပြီး ချင်းဈေးကောင်းရရှိရန် မျှော်လင့်နေကြောင်း သိရသည်။

ပင်လောင်းမြို့နယ် နောင်တရားဒေသ၌ ထွက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များကို အောင်ပန်းကုန်စည်ဒိုင်မှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကောင်းရရှိရန်၊ အာမခံချက်ရရှိရန်နှင့် စိုက်ပျိုးရေးကုန်ကျစရိတ်သက်သာအောင် ဆောင်ရွက်ပေးနိုင်ရန်အတွက် မျှော်လင့်လျက်ရှိကြောင်း သိရသည်။ **ခွန်အောင်(နောင်တရား)**

## ကျောက်ဆည်မြို့နယ်၌ မိုးစပါး ၅၂၈၁၇ ဧက လျာထားစိုက်ပျိုး

ကျောက်ဆည် ဇူလိုင် ၁၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် မိုးစပါး ၅၂၈၁၇ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ ဧရာမင်းစပါးဧက ၄၁၀၀၀၊ မနောသုခ ဧက ၈၀၀၀၊ ရွှေမနော် ဧက ၃၀၀၀ နှင့် ဆင်းသုခ ၈၁၇ ဧက ဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စပါးစိုက်ခင်းများ အောင်မြင်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးမွှားကင်းစင်သည့် မျိုးသန့်မျိုးစေ့များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ သတ်မှတ်အထွက်နှုန်းပြည့်မီစေရေးအတွက် စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေး၊ ဓာတ်မြေသြဇာများ စနစ်တကျသုံးစွဲစေရေး၊ ပေါင်းမြက်များ အချိန်မီနှိမ်နင်းရေး၊ ကင်းထောက်မှတ်တမ်းများယူပြီး ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းပေးခြင်း၊ စိုက်ပျိုးရေချွေတာပြီး ရေသွင်းရေထုတ် မှန်ကန်စေရေး၊ သဘာဝမြေသြဇာများ၊ သဘာဝမှိုသတ်ဆေးများ၊ ပိုးသတ်ဆေးများ ကိုယ်တိုင်ပြုလုပ်သုံးစွဲစေရေး စသည့်နည်းပညာများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

## ညောင်ဦးမြို့နယ်၌ မိုးနှမ်းများနုတ်သိမ်းနေပြီဖြစ်ရာ အထွက်နှုန်းကောင်းမွန်



ညောင်ဦး ဇူလိုင် ၁၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မိုးကြိုကြဲနှမ်းစိုက်ပျိုးတောင်သူများ နုတ်သိမ်းနေပြီဖြစ်ရာ မိုးရွာသွန်းမှုကောင်းပြီး အပင်အဖြစ်သန်ခြင်းကြောင့် နှမ်းစိုက်ပျိုးတောင်သူများ နှမ်းများလုံးပြည့်သီးကာ နုတ်သိမ်းချိန် မိုးနှမ်းအထွက်နှုန်းကောင်းမွန်ကြောင်း တောင်ရှေ့ကျေးရွာ မိုးနှမ်းစိုက်တောင်သူ ဦးစိုးဝင်းက ပြောသည်။

ညောင်ဦးမြို့နယ်တွင် မိုးနှမ်းများကို အာစနီမုန်တိုင်းဝင်ရောက်ချိန်မှစတင်ပြီး မိုးကြိုကြဲအဖြစ် ကြဲပက်စိုက်ပျိုးခဲ့ကြောင်း၊ မိုးကြိုကြဲပက်စိုက်ပျိုးပြီးချိန်မှစတင်ကာ မိုးရွာသွန်းမှု ကောင်းမွန်ခဲ့ကာ မိုးနှမ်းများ အပင်ဖြစ်ထွန်းမှုအရှိန်မပျက်ဘဲ နှမ်းများ၊ အပွင့်ပွင့်ချိန် မိုးသဲရိုက်ခံရခြင်းနှင့် သီးလုံးဖြစ်ထွန်းချိန် မိုးရွာသွန်းမှုကောင်းခဲ့ခြင်းကြောင့် မိုးနှမ်းများ အထွက်နှုန်းကောင်းမွန်စေခဲ့ကြောင်း နှမ်းစိုက်တောင်သူများက ရှင်းပြသည်။

မိုးကြိုကြဲနှမ်းများကို မေလပထမပတ်တွင် စတင်ကြဲပက်စိုက်ပျိုးခဲ့ကြောင်း၊ နှမ်းများဖြစ်ထွန်းပြီး ညောင်ဦးမြို့နယ်တစ်မြို့နယ်လုံး မိုးနှမ်းများ ကောင်းမွန်ကြကာ နုတ်သိမ်းပြီး နှမ်းခါချိန် နှမ်းနှစ်ပြည်ကျကြဲပက်စိုက်ပျိုးရာ မိုးနှမ်းတင်း ၂၀ ခန့်ထွက်ရှိကြောင်း၊ ယခုနှစ် မိုးနှမ်းစိုက်ပျိုးသည့်တောင်သူများ စားသုံးဆီဖူလုံစေရုံသာမက နှမ်းဈေးမှာလည်း နှမ်းနက်တစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀၊ နှမ်းနီတစ်တင်းလျှင် ငွေကျပ် ၄၅၀၀၀၊ နှမ်းဆီတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ဈေးရှိခြင်းကြောင့် မိုးနှမ်းစိုက်တောင်သူများ တွက်ခြေကိုက်သည့်နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း နှမ်းစိုက်တောင်သူများက ပြောသည်။ **ကိုထိန်**

## မိုင်းယန်းမြို့နယ်၌ နေကြာသီးနှံ့ဝတ်မှုန်ကူးပွဲတော် ကွင်းသရုပ်ပြပွဲ ကျင်းပ

မိုင်းယန်း ဇူလိုင် ၁၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နေကြာသီးနှံ ဝတ်မှုန်ကူးပွဲတော် ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက ဝိန်းလိတ်ရပ်ကွက်အတွင်းရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးထားသည့် နေကြာသီးနှံစံပြစိုက်ကွက်၌ ကျင်းပခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်သန်းက နေကြာသီးနှံ ဝတ်မှုန်ကူးပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်နှင့် နေကြာသီးနှံ ကျယ်ပြန့်စွာ စိုက်ပျိုးခြင်းဖြင့် ကုန်ကျစရိတ်သက်သာကာ ပြုစုစောင့်ရှောက်မှုလွယ်ကူသောသီးနှံဖြစ်သည့်အပြင် စားသုံးဆီဖူလုံနိုင်ပြီး မိသားစုဝင်ငွေ တိုးတက်ရရှိစေနိုင်သောကြောင့် တောင်သူများအနေဖြင့် နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးသင့်ကြောင်း အသိပညာပေး ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တောင်သူများအား ရေဆင်း(၁) စပ်မျိုးနေကြာမျိုးစေ့များနှင့် ပဲပုပ်မျိုးစေ့များကို မိုင်းယန်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ နေကြာသီးနှံစိုက်ပျိုးမှုကို မိုးဦးကာလ မေနှင့် ဇွန်လတို့တွင်လည်းကောင်း၊ မိုးနှောင်းကာလ ဇူလိုင်နှင့် ဩဂုတ်လတို့တွင်လည်းကောင်း စိုက်ပျိုးနိုင်ပြီး သုံးလခန့်အကြာတွင် စတင်ရိတ်သိမ်းနိုင်ကာ မိုင်းယန်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် နေကြာသီးနှံစိုက်ဧက ၂၀၀ ကျော်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ခွန်ရဲထွေး(ဆီဆိုင်)**



# ငါးလုပ်ငန်းဦးစီးဌာန အလုပ်သင်(နေ့စား)ဝန်ထမ်းများ၏ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်ဆိုင်ရာသင်တန်းဆင်းပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အလုပ်သင်(နေ့စား) ဝန်ထမ်းများအား ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ်ဆိုင်ရာ နည်းပညာပေးသင်တန်းဆင်းပွဲကို ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)တွင် ဇူလိုင် ၁၅ ရက်က ကျင်းပသည်။

ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ငါးလုပ်ငန်းဦးစီးဌာနတွင် အလုပ်သင်(နေ့စား)ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား လုပ်ငန်းခွင်ဝင်သင်တန်းနှင့် လက်တွေ့ပိုင်းဆိုင်ရာ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းကို ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ်ဆိုင်ရာ သင်တန်းကို ဇူလိုင် ၁၃ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါ သင်တန်းကို ငါးလုပ်ငန်းဦးစီးဌာနရုံးချုပ် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ အလုပ်သင်(နေ့စား)ဝန်ထမ်းစုစုပေါင်း ၁၆၃ ဦးအား အွန်လိုင်းမှတစ်ဆင့် ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ်ဆိုင်ရာ နောက်ခံသမိုင်းကြောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ လုပ်ငန်းတည်နေရာရွေးချယ်ခြင်း၊ ထိန်းသိမ်းမွေးမြူခြင်း၊ သန့်ရှင်းကျန်းမာခြင်းနှင့် ရောဂါပိုးမွှားကင်းစင်ခြင်း၊ ရေသုံးစွဲမှုနှင့်စီမံခန့်ခွဲမှု၊ အစားအစာစီမံခန့်ခွဲမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရောဂါစီမံခန့်ခွဲမှု၊ ဓာတုပစ္စည်းနှင့် တိရစ္ဆာန်မွေးမြူရေးဆိုင်ရာဆေးဝါးစီမံခန့်ခွဲခြင်း၊ အလုပ်သမားနှင့် လူမှုအသိုက်အဝန်း၊ ရာသီဥတုပြောင်းလဲမှုနှင့် ပြင်းထန်သော မိုးလေဝသအခြေအနေများအား သင်ကြားပို့ချပေးခဲ့သည်။

သင်တန်းနောက်ဆုံးနေ့တွင် သင်တန်းသားများက ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရေဆင်းငါးလုပ်ငန်းစခန်း၊ တလုပ်လှ ငါးလုပ်ငန်းစခန်း၊ သထုံငါးလုပ်ငန်းစခန်းများသို့ တိုင်းဒေသကြီး၊ ပြည်နယ်အစီအစဉ်ဖြင့် သွားရောက်ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ရခိုင်ပြည်နယ်မှ ကနုကမာနှင့်ကျောက်ငါးများကို စီးပွားဖြစ်မွေးမြူထုတ်လုပ်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၇**

ရခိုင်ပြည်နယ်၌ စီးပွားဖြစ်မွေးမြူလျက်ရှိသည့် ကနုကမာကောင်နှင့် ကျောက်ငါးတို့ကို ရန်ကုန်တိုင်းဒေသကြီးနှင့် မြို့ကြီးများသို့ ထုတ်လုပ်တင်ပို့လျက်ရှိကြောင်း ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ရခိုင်ပြည်နယ်တွင် ကနုကမာကောင်ကို တစ်နှစ်ခွဲကျော်ကြာမွေးမြူ၍ ခြောက်လက်မမှ ရှစ်လက်မအရွယ်တွင် ဈေးကွက်သို့တင်ပို့ပြီး အတွင်းရှိ နူးညံ့သောအသားကို ပင်လယ်စာအဖြစ် ဟိုတယ်နှင့် စားသောက်ဆိုင်ကြီးများတွင် ရောင်းချသည်။ မွေးမြူရာဒေသ၌ ကနုကမာတစ်ကောင်လျှင် ကျပ် ၁၅၀၀ မှ ကျပ် ၂၀၀၀ အထိ ဈေးရှိပြီး ဟိုတယ်များနှင့် ပင်လယ်စာဆိုင်တို့၌ တန်ဖိုးမြင့်စားသောက်ကုန်အဖြစ် ကနုကမာတစ်ကောင်လျှင် ကျပ် ၅၀၀၀ အထက်ရောင်းချသည်။

**အဓိကတင်ပို့**

ယခင်က ကနုကမာကောင်ကို ရာသီချိန်တွင်စားသုံးနိုင်ပြီး ယခုအခါ စီးပွားဖြစ်မွေးမြူမှုဖြင့် ရာသီမရွေးရရှိလျက် ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့သည်။ ကျောက်ဆောင်တွင် ကနုကမာကောင်ကိုခွာယူစဉ် အခွံကိုထိခိုက်မိပါက ဈေးကွက်သို့တင်ပို့ရာတွင် အရည်အသွေးကျဆင်းတတ်သောကြောင့် ဒီရေတောကျောက်ဆောင်များတွင် ဘိလပ်မြေမံ၍ ကားတာရာကွင်းဖြင့် ထိခိုက်မှုမရှိသော စနစ်ဖြင့်လည်းကောင်း၊ ကြိုးတန်းစနစ်ဖြင့်လည်းကောင်း မွေးမြူလျက်ရှိသည်။

**ခရုဆီလည်းထုတ်လုပ်နိုင်**

"ကနုကမာသားပေါက်က ဒီရေတောထဲကရတယ်။ ကျောက်ငါးသားပေါက်ကို ရခိုင်ပြည်နယ် ဒီရေတော၊ တနင်္သာရီနဲ့ရန်ကုန်မှာရတယ်။ ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ကနုကမာသားပေါက်နဲ့ ကျောက်ငါးသားပေါက် အလွယ်တကူမွေးမြူထုတ်လုပ်နိုင်မယ့် ဒီရေတောတွေရရှိဖို့ ကြိုးစားနေပါတယ်။ ကမာကောင်ကနေ ခရုဆီ ထုတ်လုပ်နိုင်တာဖြစ်တဲ့အတွက် နောက်ပိုင်းမွေးမြူသူပိုများလာရင် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ခရုဆီလည်းထုတ်လုပ်နိုင်မှာပါ။ ရင်းနှီးမြှုပ်နှံမှု၊ စက်ပစ္စည်းနဲ့ နည်းပညာတော့လိုမယ်။ ရခိုင်ပြည်နယ်မှာကနုကမာနဲ့ တွဲပြီး ကျောက်ငါးမွေးမြူတာ ဧကတစ်ရာနီးပါး ရှိမယ်။ ဈေးကွက်ဝင်ရေထွက်ကုန်နှစ်မျိုးကို ရခိုင်ပြည်နယ်မှာ ဒီရေအတက်အကျရှိတဲ့ ချောင်းတွေ၊ ပင်လယ်အော်ကွေ့တွေနဲ့ ဒီရေတောတွေမှာ မွေးမြူကြတာများပါတယ်" ဟု ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်ဦးက ပြောသည်။

**တွဲဖက်မွေးမြူ**

ကနုကမာကောင်နှင့်အတူ ခြောက်လဖြင့် ဈေးကွက်ဝင် ပင်လယ်စာကျောက်ငါးကိုလည်း မွေးမြူထုတ်လုပ်လျက်ရှိရာ တစ်နှစ်ခွဲကျော် ရင်းနှီးမြှုပ်နှံမှုတွင် သုံးလမှ ရှစ်လအတွင်း ဝင်ငွေရသော ကျောက်ငါးကို ဖောင်တွင်လှောင်အိမ်ဖြင့် တွဲဖက်မွေးမြူ၍ ဈေးကွက်သို့ ရေထွက်ကုန်တင်ပို့မှု အရှိန်မပျက်စေရန် ပေါင်းစပ်မွေးမြူ ထုတ်လုပ်လျက်ရှိသည်။ ကျောက်ငါးတစ်ကောင်လျှင် ကျပ်တစ်သောင်းခွဲမှ ကျပ်သုံးသောင်းအထိ ဈေးရှိပြီး ဟိုတယ်နှင့် ပင်လယ်စာဆိုင်တို့၌ ငါးအသားလွှာ၊ ငါးချိုချဉ်၊ ဟော့ပေါ့နှင့် ပင်လယ်စာအဖြစ် ဈေးကွက်ဝင်ရောင်းချလျက်ရှိသည်။ ကနုကမာနှင့်ကျောက်ငါးကို သံတွဲ၊ ဂွ၊ မာန်အောင်၊ ရမ်းဗြဲနှင့် ကျောက်ဖြူမြို့များတွင် မွေးမြူထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

■

---



# မအီမြို့၌ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုရက်သတ္တပတ် ဆောင်ရွက်

**မအီ ဇူလိုင် ၁၇**

ရခိုင်ပြည်နယ် မအီမြို့၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဆောင်ရွက်သည့် တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုရက်သတ္တပတ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက မအီမြို့ ဂျီဖြူတောင်ကျေးရွာ စိတ္တာသုခအေးရိပ်သာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မအီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးကျော်စွာလင်းက အဖွင့်အမှာစကား ပြောကြားပြီး တောင်ကုတ်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်မိုးမင်းက ကျွဲ၊ နွားများတွင် တွေ့ရှိနိုင်သည့် ရောဂါလက္ခဏာများ၊ ရောဂါဖြစ်ပွားနိုင်သည့် အခြေအနေများနှင့် တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးနှံရမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ထိုးနှံခြင်း၊ ကျွဲ၊ နွားရောဂါများ ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ကျွဲ၊ နွားများတွင်ဖြစ်တတ်သည့် အရေပြားအကျိတ်နာရောဂါနှင့် ပတ်သက်၍ ရောဂါလက္ခဏာများ၊ ရောဂါကူးစက်ပျံ့နှံ့ပုံနှင့် ရောဂါကာကွယ်ရန်နည်းလမ်းများ၊ ကျွဲနွားခွာနာလျှာနာရောဂါ အသိပညာပေး အချက်အလက်များ စသည်တို့ကို ဗီနိုင်းများချိတ်ဆွဲ ပြသခြင်း ဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

---

# မအူပင်မြို့နယ်၌ သစ်တောပြုစု ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**မအူပင် ဇူလိုင် ၁၇**

သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို မအူပင်မြို့နယ် သစ်တောဦးစီးဌာနမှကြီးမှူး၍ ဇူလိုင် ၁၆ ရက်မှ ၁၇ ရက်အထိ အလန်းကြီးကျေးရွာအပိုင် မအူပင်-ကျိုက်လတ် ကားလမ်းဘေးနှင့် ငါးကြီးဂရက်ကျေးရွာ စက်မှုဇုန်ဝင်းတို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၂ ခုနှစ် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲနှင့် ကျေးရွာထင်းစိုက်ခင်း နှစ်ဧကတို့ကို သေပင်ဖာထေးခြင်း၊ ပေါင်းရှင်းခြင်းနှင့် မြေဩဇာကျွေးခြင်းလုပ်ငန်းများကို မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန်များ အပေါ်ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက်အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာ ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန် ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၅-၇-၂၀၂၂ ရက်နေ့မှအဆက်

လက်ပွေ့အိတ်ကိုယူသည်။ ကားတံခါးဖွင့်သည်။ ကားပေါ်မှ ဆင်းသည်။ ဤသည်တို့ကို သံပတ်ပေးထားသော စက်ရုပ်တစ်ရုပ်နှယ် ပြုလုပ်သည်။ နောက်တော့ ရွှံ့ညွန်ဗွက်အိုင် ထူထပ်လှသောလမ်းအတိုင်း လျှောက်လာခဲ့သည်။

မိုးစက်မိုးပေါက်တို့ ကိုယ်ပေါ်သို့ ကျရောက်လာသည်။ ဆံပင်မှအစ တစ်ကိုယ်လုံးကို စွတ်စိုစေသည်။ မျက်နှာလို အဝတ်မဲ့အသားကို လာရောက်ရိုက်ခတ်လိုက်သောအခါ စပ်ဖျဉ်းဖျဉ်းခံစားရသည်။

လျှပ်စစ်မီးတို့ ပျက်ခဲ့ဟန်တူသည်။ မှောင်မိုက်ခြင်းသည် တစ်လောကလုံးကို လွှမ်းခြုံထားသည့်နှယ် ဖြစ်သည်။ လျှပ်စီးလင်းပြက်ခြင်းကို အားကိုးအားထားပြုလျက် လမ်းစရှာရသည်။ လျှပ်စီးလင်းပြက်လိုက်ချိန်တွင် နေ့လယ်ခင်းတမျှ လင်းလင်းထင်းထင်း ရှိသွားတတ်သည်။

သည်တစ်ကြိမ်တွင် ဗွက်အိုင်များကို မရှောင်ကွင်းမိ။ ရေအိုင်တို့အတွင်းမှလည်း ဖြတ်သန်း၍လာသည်။ ရောက်ချင်စိတ်သာ စောတော့သည်။

သို့နှင့်ပင် ဒေါ်ရေနံ့သာခင်ခင်ကြီးသည် နေ့လယ်က အမှတ်မထင်မြင်ခဲ့ရသော်လည်း ယခုတိုင်မှတ်မိနေသေးသောအိမ်၊ ကိုမောင်မောင်ဦးရှိနေသော အိမ်ပေါက်ဝ၌ ရပ်မိလေ၏။

အိမ်မှာ တံခါးပိတ်ထားခဲ့ပြီဖြစ်သည်။ သို့တိုင်အောင် အိမ်ထဲမှာ မီးလင်းနေသည်။ မီးရောင်သည် အင်အားကြီးမားခြင်း မရှိလှ။ ဖယောင်းတိုင်သို့မဟုတ် မှန်အိမ်မီးဖြစ်ပုံရသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် မမြင့်မားလှသည့် လှေကားမှ တက်လာသည်။ အိမ်တံခါးကို ခေါက်လိုက်သည်။

"ဘယ်သူလဲဟင်"

အတွင်းမှ မေးသံကြားရသည်။ ယောကျ်ားတစ်ယောက်၏အသံ။ ကိုမောင်မောင်ဦး၏အသံ။ သည်အသံကို မှတ်မိသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး အဖြေမပေး။

"မတင်ရွှေလား၊ ခင်သန်းနွဲ့လား"

ထပ်မေးသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး ငြိမ်သက်နေသည်။ တိတ်ဆိတ်နေသည်။

အတွင်းမှစိတ်မသိုးမသန့်ဖြစ်လာရဟန်တူသည်။

"ဘယ်သူလဲလို့ မေးနေတာမကြားဘူးလား"

သည်တော့မှ ဒေါ်ရေနံ့သာခင်ခင်ကြီးထံမှ အသံထွက်လာသည်။

"တံခါးဖွင့်ပေးစမ်းပါ ကိုမောင်မောင်ဦး"

"ဘယ်သူလဲဆိုတာ အရင်ပြောလေ"

"ကျွန်မပါ။ ရေနံ့သာခင်ခင်ကြီးပါ"

အတွင်းမှ လှုပ်ရှားသံကြားရသည်။ တံခါးမင်းတုပ်ဖြုတ်သံ ပေါ်လာသည်။ မကြာမီ တံခါးနှစ်ချပ်ရင်ကြားစေ့ရာမှ ဟသွားသည်။ အလင်းရောင် ပေါ်လာသည်။ ရှေ့မှပေါ်လာသော ကိုမောင်မောင်ဦး၏ အသွင်သဏ္ဌာန်ကို မြင်ရသည်။

မီးရောင်ကို ကျောပေးထားသောကြောင့် မျက်နှာကို မမြင်သာ။ သို့ရာတွင် မိမိအား မြင်တွေ့လိုက်ရသည့်အတွက် ကြက်သေသေသလိုဖြစ်နေကြောင်း သတိပြုမိသည်။ သူသည် အတော်ချည်းကြာအောင် စူးစိုက်ကြည့်နေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး အိမ်အတွင်းဝင်လိုက်သည်။ အိမ်ထဲတွင် မှန်အိမ်မီးရောင်ရှိသည်။ စားပွဲပေါ်တွင် အရက်ပုလင်းနှင့် ဖန်ခွက်ကို တွေ့ရသည်။ သူတစ်ပါးတွေ စိတ်ကယောက်ကယက်ဖြစ်နေချိန်တွင် သူ့မှာ အရက်သောက်နိုင်ဆဲပါကလား တွေးမိကာ နာကြည်းခြင်းကို ပိုမိုခံစားရသည်သို့ရှိသည်။

ကိုမောင်မောင်ဦးသည် ဒေါ်ရေနံ့သာခင်ခင်ကြီးဘက်သို့ လှည့်လိုက်သည်။ တံခါးကို ကျောဖြင့်ပိတ်လိုက်သည်။ အိမ်ထဲတွင် သူတစ်ယောက်တည်း ရှိဟန်တူသည်။ ထိုအတွက် ဒေါ်ရေနံ့သာခင်ခင်ကြီး ကျေနပ်မိသည်။

ယခုအခါ သူသည် မီးရောင်ကို ကျောပေးထားသည်။ ကိုမောင်မောင်ဦးသည် မီးရောင်ဘက်သို့ မျက်နှာမူထားသည်။ သူ၏မျက်နှာကို မြင်သာလာပေပြီ။

"ဒီအချိန်မှာ သိကြားမင်း လူ့ပြည်ဆင်းလာတယ်ဆိုရင် ယုံနိုင်စရာရှိသေးတယ်။ ခင်ခင်ကြီး ဒီအိမ်ရောက်လာရတယ်ဆိုတာကတော့ တကယ့်ကို မယုံနိုင်စရာဘဲ"

သူသည် အမှောင်ရိပ်ထိုးကာ မမြင်သာသည့် မျက်နှာကိုပင် စူးစိုက်ကြည့်ရင်း ပြောလိုက်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ကိုမောင်မောင်ဦး၏ မျက်နှာကိုပင် စူးစိုက်ကြည့်နေသည်။ မမိတ်မသုန်ကြည့်နေသည်။ နှစ်ပေါင်းနှစ်ဆယ်ကျော်မျှ အသေအချာ မမြင်သာခဲ့သည့် မျက်နှာ၊ မတွေ့သာခဲ့သည့် မျက်နှာကို အလွတ်ကျက်မှတ်နေသလို စူးစိုက်ကြည့်နေမိခြင်းဖြစ်သည်။

**❛"ကျွန်မရှင့်ဆီကိုရောက်လာတာ အကြောင်းနှစ်ခုရှိတယ် ကိုမောင်မောင်ဦး"**
**ကိုမောင်မောင်ဦးသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏စကားများကို**
**အာရုံဝင်စားမိသည့်ဟန်ရှိသည်။ စောင့်၍နားထောင်သည်။**
**"ပထမအကြောင်းက နန်းကိန္နရီရဲ့အကြောင်းပြောဖို့ပဲ။**
**ဒုတိယအကြောင်းကတော့ ရှင်နဲ့ကျွန်မတို့ စာရင်းရှင်းကြဖို့ပဲ။**
**နန်းကိန္နရီရဲ့အကြောင်းကိုပြောရရင်**
**သူဟာ အသက်နဲ့ကိုယ် အတူတွဲပြီးမရှိတော့ဘူး။ သူ ဆုံးရှာပြီ"**
**ဒေါ်ရေနံ့သာခင်ခင်ကြီး၏စကားသည် ကိုမောင်မောင်ဦးအား**
**အစွမ်းကုန် တုန်လှုပ်သွားစေသည်။ ချောက်ချားသွား . . .❜**

ယခင်ကတော့ သည်မျက်နှာကိုပင် ညလယ်အိပ်မက်အဖြစ် မြင်မက်ခဲ့ရဖူးသည်။ မျက်ဝန်းသူငယ်အိမ်၌ ကြာမြင့်စွာစွဲထင်ကာ နှလုံးသား၏ နက်ရှိုင်းသောအပိုင်းမှ စွဲလမ်းခဲ့ရဖူးသည်။ သည်မျက်နှာကို မြင်ရဖို့အတွက် လပြည့်ဝန်းကို မျှော်သလို မျှော်ခဲ့ရသည်။ မြင်ခွင့်မသာလျှင် ကြေကွဲခဲ့ရဖူးသည်။ မြင်ခွင့်သာလျှင် ကြည်နူးခဲ့ရဖူးသည်။

ယခုတော့လည်း သည်မျက်နှာသည် အမုန်းကို အထပ်ထပ်ပွားစေနိုင်သည်မှလွဲ၍ အခြားသော အဓိပ္ပာယ်တစ်စုံတစ်ရာကို ဆောင်ယူထားခြင်း မရှိလေတော့။

ယခင်က သူ့နှုတ်မှ ထွက်ပေါ်လာခဲ့သော စကားသံတို့သည် သာယာချိုအေးသော တေးတစ်ပုဒ်နှယ် ဖြစ်သည်။ စမ်းရေစီးသံနှယ် ဖြစ်သည်။ ကြားရလျှင် စိတ်ဝမ်းအေးချမ်းသည်ဟု ထင်သည်။ ထနောင်းပင် အထက်မှ ကူချွဲတတ်လေသော ချိုးကူသံနှယ် သည်အသံကို တောင့်တခဲ့ရသည်။ စောင့်မျှော်ခဲ့ရသည်။

ယခုမူ သူ့နှုတ်မှထွက်လာအံ့သောစကားတို့သည် မာယာဖြင့်ပြည့်နှက်သော၊ မုသားဖြင့်ပြွမ်းသော ဖြားယောင်းခြင်းသဘောကိုသာလျှင် ဆောင်ယူလာလေမည်။ သူ့အသံကို ကြားရမည်မှာ အဆိပ်ပါသောလေကို ရှူရှိုက်ရသည်သို့ ဖြစ်မည်ဟုထင်သည်။

သည်မျက်နှာ သည်အသံတို့ကြောင့်ပင် မိမိ၏ဘဝ နစ်မွန်းခဲ့ရသည်။ အသက်ရှင်လျက် လူသေတစ်ယောက်လို ဖြစ်ခဲ့ရသည်ဟု တွေးသည်။ သည်အရာများကို မုန်းတီးစိတ် ပိုမိုဝင်လာသည်။

"ဆိုစမ်းပါဦး မင်းကိုယ့်ဆီရောက်လာတာ၊ မိုးပေါ်ကကျလာသလို ဘွားခနဲပေါ်လာတာ အကြောင်းရှိလို့ မဟုတ်လားဟင်"

ကြိုတင်မျှော်လင့်ခဲ့သည့်အတိုင်း သူ၏အသံသည် နားထဲသို့ ခါးသီးစွာ ဝင်လာသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး ဘာမျှပြန်မပြောမိ။

"နေစမ်းပါဦး။ တစ်ညလုံး ဒီလိုပဲ စိုက်ကြည့်နေတော့မှာလား။ ဘာမှမပြောတော့ဘူးလား။ ဖြစ်နိုင်မယ်ဆိုရင် ကုလားထိုင်မှာ ထိုင်ပါဦးလားဟင်"

ဒေါ်ရေနံ့သာခင်ခင်ကြီး မလှုပ်။

ကိုမောင်မောင်ဦးသည် စိတ်မရှည်နိုင်တော့သလို ရှေ့သို့တိုးလာသည်။ အကယ်၍ ယင်းအချိန်၌ ဒေါ်ရေနံ့သာခင်ခင်ကြီးကသာ "ရှင် ကျွန်မအနားကို မလာနဲ့" ဆိုလေလျှင် သူ့ထုံစံအတိုင်း ပခုံးစသည်တို့ကို ဆုပ်ကိုင်လာမည်။ ဖျစ်ညှစ်လာမည်။ လှုပ်ယမ်းရင်း အတင်းစကားပြောခိုင်းလာမည် အမှန်ပင်။

ကိုမောင်မောင်ဦး ခြေလှမ်းတုံ့သွားသည်။ ရပ်လက်စနေရာမှာပင် ရပ်နေလိုက်သည်။ ယင်းအချိန်၌ ဒေါ်ရေနံ့သာခင်ခင်ကြီး လက်ကိုင်အိတ်အတွင်း လက်ရောက်သွားခဲ့သည်။ အေးစက်မာကျောသော သေနတ်၏ အထိအတွေ့သည် သူ၏ လက်ချောင်းကလေးများကို ဆီးကြိုနှုတ်ဆက်လိုက်လေသည်။

"ပြောစမ်းပါဦး။ ဒီအချိန်မှာ မင်း ဒီကိုဘာလာလုပ်တာလဲ။ ဘာဖြစ်လို့ လာခဲ့ရတာလဲ"

သည်အမေးကိုလည်း မဖြေ။

"ကဲ၊ မင်းမပြောရင် ကိုယ်ပြောမယ်။ မင်း နန်းကိန္နရီကြောင့် ဒီကိုလာတာမဟုတ်လား။ သူ့အကြောင်းတွေ သိချင်လို့မဟုတ်လား။ ဟားဟား တစ်နေ့ ဒီလိုပဲဖြစ်လာရမှာပေါ့လေ။ ကိုယ်တို့အဖြစ်တွေက မရှင်းခဲ့ဘူး မဟုတ်လား။ ရှုပ်ခဲ့၊ ထွေးခဲ့တယ် မဟုတ်လား။ ကဲ ဆိုစမ်းပါဦးကွယ်။ နန်းကိန္နရီအကြောင်း မင်းဘာသိချင်သလဲ"

ကိုမောင်မောင်ဦးမှာ သူ့အတွေးနှင်သူ ကျေနပ်နေပုံရသည်။ သူ့စိတ်ကူးနှင့်သူ ဒေါ်ရေနံ့သာခင်ခင်ကြီးအား နိုင်ပေါက်ကိုင်ပြီဟု ထင်ပုံရသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးက

"ကျွန်မ ရှင့်ဆီက ဘာမှမသိချင်ဘူး"

ပြတ်ပြတ်တောက်တောက်ကြီး ဆိုသံကြားရသောအခါ သူ အတွေးရကျပ်သွားပုံပေါ်သည်။

"မင်းမသိချင်ပေမဲ့ အခြေအနေနဲ့ အချိန်အခါက ပေးလာပြီမို့ ကိုယ်ကတော့ ပြောရဦးမယ်" ဆိုသည်။

"ရှင့်စကားတွေ ကျွန်မ မကြားချင်ပါဘူး။ ကျွန်မမှာ စောင့်နားထောင်နေဖို့လည်း အချိန်မရဘူး"

ဒေါ်ရေနံ့သာ ခင်ခင်ကြီး တည်ကြည်ငြိမ်သက်သောအသံဖြင့်ဆိုသည်။ တစ်ဆက်တည်းပြောသည်။

"ကျွန်မရှင့်ဆီကိုရောက်လာတာ အကြောင်းနှစ်ခုရှိတယ် ကိုမောင်မောင်ဦး"

ကိုမောင်မောင်ဦးသည်ဒေါ်ရေနံ့သာခင်ခင်ကြီး၏ စကားများကို အာရုံဝင်စားမိသည့်ဟန်ရှိသည်။ စောင့်၍နားထောင်သည်။

"ပထမအကြောင်းက နန်းကိန္နရီရဲ့ အကြောင်းပြောဖို့ပဲ။ ဒုတိယအကြောင်းကတော့ ရှင်နဲ့ ကျွန်မတို့ စာရင်းရှင်းကြဖို့ပဲ။ နန်းကိန္နရီရဲ့အကြောင်းကိုပြောရရင် သူဟာ အသက်နဲ့ကိုယ် အတူတွဲပြီးမရှိတော့ဘူး။ သူ ဆုံးရှာပြီ"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏စကားသည် ကိုမောင်မောင်ဦးအား အစွမ်းကုန် တုန်လှုပ်သွားစေသည်။ ချောက်ချားသွားစေသည်။

"ဘာ၊ နန်းကိန္နရီ ဘာဖြစ်တယ်" ဟု သိပြီးသားဖြစ်ပါလျက် မယုံနိုင်သလို ထပ်မေးသည်။

"နန်းကိန္နရီဆုံးရှာပြီ။ ဒီက အပြန်မှာပေါ့။ ရှင့်ဆီကအပြန်မှာပေါ့။ ကားနဲ့ သစ်ပင်နဲ့ ဝင်တိုက်မိတာ။ ကျွန်မစိတ်အထင် တစ်ခါတည်းပွဲချင်းပြီးပဲ"

ကိုမောင်မောင်ဦး၏မျက်နှာသည် ဖြူဖျော့သွားသည်။ သွေးရောင် ပျောက်ကွယ်သွားသလိုဖြစ်သည်။

"အို ဖြစ်မှဖြစ်ရလေ" သူသည် စိတ်မချမ်းမြေ့စွာ ညည်းညူလိုက်သည်။ "တကယ်လားဟင်၊ ဒါက တကယ်ပဲလား" မေးလာခဲ့သေးသည်။

"လောကမှာ ရှင်ကလွဲလို့ တခြားလူတွေ အားလုံး စကားကို မှန်မှန်ပြောတတ်ကြပါတယ် ကိုမောင်မောင်ဦး"

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ကိုမောင်မောင်ဦးအား ရွံ့ရှာစက်ဆုပ်သလို ကြည့်နေသည်။

"ဒီကိစ္စမှာ ရှင့်ပယောဂ အများကြီးပါတယ်။ ရှင့်ကြောင့် သူ ဒီလိုဖြစ်ရရှာတာ။ ရှင့်ကြောင့် သူ အသေဆိုးနဲ့သေရရှာတာ"

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

○ ကျောဖုံးမှ

မြန်မာအမျိုးသမီးအသင်းသည် ယခုပွဲတွင် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး မေဇင်နွယ်(ဂိုး)၊ အေးအေးမိုး၊ ခင်သန်းဝေ၊ ချစ်ချစ်၊ နော်ထက်ထက်ဝေ၊ နန့်ဇူးဇူးထက်၊ ပို့ပို့ပြည့်မောင်၊ ဝင်းသိင်္ဂီထွန်း၊ စန်းသော်သော်၊ ခင်မာလာထွန်း၊ ဂျူလိုင်ကျော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၀ မိနစ်တွင် စန်းသော်သော်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ သို့သော် မြန်မာအသင်းသည် ခံစစ်ပိုင်းအမှားများရှိခဲ့သဖြင့် ပထမပိုင်းမှာပင် နှစ်ဂိုးပြန်ပေးခဲ့ရသည်။ ၂၄၊ ၄၁ မိနစ်တွင် တိုက်စစ်မှူး ဟူယင်နျူက နှစ်ဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် ဗီယက်နမ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးပြန်ရရန် ကြိုးပမ်းလာပြီး ၅၈ မိနစ်တွင် စန်းသော်သော်က ချေပဂိုးပြန်သွင်းခဲ့သည်။ သို့သော် မြန်မာဂိုးသမားနှင့် နောက်ခံလူတို့ နားလည်မှုလွဲသည်ကို အခွင့်ကောင်းယူကာ ၈၂ မိနစ်တွင် ဖန်ဟိုင်ယန်က ဗီယက်နမ်အသင်းအတွက် တတိယဂိုးသွင်းယူခဲ့သည်။ သို့သော် မြန်မာအသင်း၏ အံ့အားသင့်ဖွယ် ပြန်လာနိုင်ခဲ့ပြီး ၈၄ မိနစ်တွင် လင်းမြင့်မိုရ်က ချေပဂိုး၊ ၈၈ မိနစ်တွင် စန်းသော်သော်က အနိုင်ဂိုးသွင်းယူခဲ့သဖြင့် မြန်မာအသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။ စန်းသော်သော်သည် ဒဏ်ရာကြောင့် ဆီးဂိမ်းပြိုင်ပွဲ လွဲချော်ခဲ့ရသော်လည်း ယခုပွဲတွင် ဟက်ထရစ်သွင်းယူကာ မြန်မာအသင်းကို တတိယရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ဗိုလ်လုပွဲတွင် အိမ်ရှင်ဖိလစ်ပိုင်အသင်းက ထိုင်းအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိကာ ချန်ပီယံဆုရရှိခဲ့သည်။ ဖိလစ်ပိုင်အသင်းသည် ပထမဆုံးအကြိမ် ချန်ပီယံဆုရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ချန်ပီယံအသင်းသစ် ထွက်ပေါ်ခဲ့သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

● **ဘာစီလိုနာအသင်းမှ**

ထွက်ခွာဖို့ဆန္ဒရှိနေတယ်လို့ ပြီးခဲ့တဲ့လအတွင်းက ကစားသမားကိုယ်တိုင် ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

လီဝန်ဒိုစကီးဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းအတွက် ပွဲစဉ်စုစုပေါင်း ၄၆ ပွဲမှာ သွင်းဂိုး ၅၀ အထိ သွင်းယူပေးနိုင်ခဲ့ကာ ဘိုင်ယန်မြူးနစ်အသင်းအတွက် ဘွန်ဒက်လီဂါဖလားကို (၁၀)ကြိမ်ဆက် ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ စည်းမျဉ်းအရ သဘောတူညီမှုရရှိထားပြီဖြစ်တာကြောင့် စာချုပ်ချုပ်ဆိုရေးကိစ္စနဲ့ ကျန်းမာရေးဆိုင်ရာဆေးစစ်မှုကိစ္စတွေအတွက်တော့ ကစားသမား အပေါ်မှာပဲ မူတည်တော့တယ်လို့ ဆိုပါတယ်။

လီဝန်ဒိုစကီးဟာ ၂၀၁၄ ခုနှစ်အတွင်းက ဒေါ့မွန်အသင်းဆီကနေ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ဘိုင်ယန်မြူးနစ်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အဲဒီအချိန်မှစတင်ကာ လက်ရှိအချိန်အထိ ဘိုင်ယန်မြူးနစ်အသင်းအတွက် ပွဲစဉ်စုစုပေါင်း ၃၇၄ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၃၄၄ ဂိုးအထိ သွင်းယူနိုင်ခဲ့တာကြောင့် တိုက်စစ်မှူး ဂတ်မူလာပြီးရင် ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဒုတိယဂိုးအများဆုံး သွင်းယူနိုင်ခဲ့တဲ့ ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# MNL ပြိုင်ပွဲတွင် GFA အသင်း ပထမဆုံးနိုင်ပွဲရရှိ



မဟာယူနိုက်တက်အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဇူလိုင် ၁၇**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄) ဒုတိယနေ့ကို ဇူလိုင် ၁၇ ရက်က ဆက်လက်ကျင်းပရာ GFA အသင်းက မဟာယူနိုက်တက်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။

သုံးပွဲဆက် အရေးနိမ့်ထားသည့် GFA အသင်းသည် ယခုပွဲတွင် ရလဒ်ကောင်းရယူနိုင်ခဲ့ပြီး မဟာယူနိုက်တက် အသင်းကို အနိုင်ရယူကာ ပထမဆုံးနိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ မဟာယူနိုက်တက်အသင်းသည် နိုင်ပွဲပြန်လည်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း သုံးပွဲမြောက်ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

GFA အသင်း၏ ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသားကစားသမားနှစ်ဦး ပါဝင်လာပြီး မဟာယူနိုက်တက် အသင်းမှာလည်း အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်ခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် ဦးဆောင်ဂိုးစတင် သွင်းယူနိုင်သော်လည်း အနိုင်ရလဒ် မထိန်းနိုင်သဖြင့် အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ မဟာ ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို ၁၅ မိနစ်တွင် စိုးမင်းနိုင်က သွင်းယူခဲ့ခြင်းဖြစ်ပြီး GFA အသင်းက နှစ်မိနစ်အကြာတွင် ချေပဂိုးရခဲ့ကာ အီမန်နျူရယ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ချေပဂိုးရပြီးနောက်ပိုင်းတွင် GFA အသင်းက ဆက်တိုက်ဖိကစားခဲ့ပြီး ၁၉ မိနစ်တွင် တန်တိုးအောင်က ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မဟာယူနိုက်တက်အသင်းက ချေပဂိုးရရန် ဆက်လက်ကြိုးပမ်းခဲ့သော်လည်း GFA အသင်းကသာ ဂိုးများထပ်မံရရှိခဲ့သည်။ GFA အသင်းအတွက် အနိုင်ဂိုးများကို ၆၉ မိနစ်တွင် ထက်အောင်နှင့် ၇၃ မိနစ်တွင် ဂျွန်ဘာဘူတို့က သွင်းယူခဲ့သည်။ မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုး တစ်ဂိုးကို ၈၉ မိနစ်တွင် GFA အသင်းက ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့ခြင်းဖြစ်သည်။

လေးပွဲစီကစားအပြီးတွင် GFA အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ တစ်ပွဲနိုင်၊ သုံးပွဲရှုံးဖြင့် သုံးမှတ်စီရရှိထားသည်။ ပွဲစဉ် (၄) တတိယနေ့အဖြစ် ဇူလိုင် ၁၈ ရက် မွန်းလွဲ ၃ နာရီတွင် သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ- MNL**

# ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၇**

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲကို ဩဂုတ် ၃ ရက်နှင့် ၄ ရက်တို့တွင် ရန်ကုန်မြို့ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် Bo Young အားကစားရုံသုဝဏ္ဏ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် Cadet အသက် ၁၄ နှစ်အောက်၊ Junior အသက် ၁၇ နှစ်အောက်နှင့် Senior အသက် ၃၀ အောက် အတိုက်နှင့် ကကွက်ပြိုင်ပွဲနှစ်မျိုး ကျင်းပပေးမည်ဖြစ်ပြီး International Black Belt(KUKKIWON)ဒန်ခါးစည်းရရှိပြီးသူများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

“ဒီပြိုင်ပွဲက နှစ်စဉ်နှစ်တိုင်း ကျင်းပတဲ့အတွက်ကြောင့် ယခင်လို အွန်လိုင်းမဟုတ်တာရယ်။ ကိုရီးယားသံအမတ်ကြီးဖလား ဖြစ်တဲ့အတွက် တိုတိုကျုံ့ကျုံ့နဲ့ ခါးစည်းအနက်တွေပဲပြိုင်မှာပါ။ တခြားကာလာဘက်တွေ မပါဘူးဆိုတော့ ကစားသမားနည်းသွားတာပေါ့။ ဒီနှစ်က တီးလုံးနဲ့ပြိုင်တဲ့ ကကွက်အသစ်ပါမယ်”ဟု မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်နည်းစနစ်ကော်မတီမှ ဦးကျော်သန်းဦးက ပြောသည်။

**ဗလစိုး**

# 74th Singapore Open Amateur Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အားကစားအဖွဲ့ ထွက်ခွာ




**ရန်ကုန် ဇူလိုင် ၁၇**

၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက်မှ ၂၂ ရက်အထိ စင်ကာပူနိုင်ငံ Tanah Merah Country Club, Tampines Course ၌ ကျင်းပမည့် 74th Singapore Open Amateur Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက် အားကစားအဖွဲ့သည် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြိုင်ပွဲဝင် မြန်မာဂေါက်သီးရိုက်အားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးအောင်မင်းထွန်း (အဖွဲ့ဝင်၊ မျိုးဆက်သစ်လူငယ်ဂေါက်သီးအားကစားသမားများ ဆပ်ကော်မတီ)၊ အားကစားသမားများအဖြစ် ထွန်းသူရိန်နှင့် အောင်ဗိုလ်ကောင်းသန့်တို့ ပါဝင်ကြသည်။ ယင်းပြိုင်ပွဲသို့ နိုင်ငံအသီးသီးမှ ဂေါက်သီးရိုက်အားကစားသမား ၁၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သည် ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရစေရန် နိုင်ငံတကာပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေလျက်ရှိပြီး ယခုပြိုင်ပွဲမှာ မြန်မာဂေါက်သီးရိုက်ကစားသမားများအတွက် အကျိုးရှိမည့် ပြိုင်ပွဲလည်းဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MGF**

# ဟိုပန်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ဟိုပန် ဇူလိုင် ၁၇**

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေက ဟိုပန်မြို့မအားကစားကွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရှမ်းလူငယ်အသင်းနှင့် ကောင်းကော်အသင်းတို့က ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြရာ ရှမ်းလူငယ်အသင်းက ပင်နယ်တီအဆုံးအဖြတ်နှင့် လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့နောက် ဆုပေးပွဲအခမ်းအနား ဆက်လက်ကျင်းပရာ ဟိုပန်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလားဆုရရှိသည့် ရှမ်းလူငယ်အသင်း၊ အကောင်းဆုံး အသင်းလိုက်ဆုနှင့် တစ်ဦးချင်းဆုများနှင့် ဒိုင်အဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် ဟိုပန်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အသက်(၁၆)နှစ်အောက် လူငယ်အမျိုးသားဘောလုံးအသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ရာသက်ပန်ထာဝရလွမ်းဆွတ်သတိရလျက်ပါ မမိုးရေ

## ဒေါ်မိုးစန္ဒာ

## ၁၈-၇-၂၀၂၁ရက်တွင် ကွယ်လွန်သူ- ချစ်လှစွာသောဇနီး

## (အသက်-၄၈နှစ်)

မမိုး ရေ

ရင်ထဲမှာ၊ အသည်းနှလုံးထဲမှာ၊ ဦးနှောက်ထဲမှာ၊ အသွေးအသားထဲမှာ၊ အာခံတွင်းထဲမှာ၊ စက္ကန့်မိနစ်တိုင်း ငတ်မွတ်နေတဲ့ အသံက **'မမိုးရေ'** လို့ ခေါ်ပိုင်ခွင့်ကလေးပါ ရှင်မရေ။ သားနဲ့သမီးအတွက် ရာသက်ပန် ထာဝရ ငတ်မွတ်တောင့်တ သတိရနေတော့မှာက ရှင်မရဲ့ မေတ္တာဓာတ်ပါပဲ မမိုးရာ။

သံယောဇဉ်တွေနဲ့ ခက်ခဲခဲ့တဲ့ ဘဝလမ်း၊ အတူလှမ်းကြရမှာ မမိုးရဲ့ မေတ္တာတွေက ဘာနဲ့မျှ ဘယ်လိုမှ အစားထိုးလို့မရနိုင်တော့မှန်း ထာဝရ ခွဲခွာရမှ ကိုယ်သိခဲ့ရပါပြီ။ ဘဝမှာ သားနဲ့သမီးအတွက် ပွဲကိုင်ရှင် လမ်းပြရှေ့ဆောင် မမိုးက သူတို့အတွက် နေတစ်ဆူ လတစ်ပါးပါ။ မမိုးမရှိတော့ပေမယ့် သားနဲ့သမီးက ကိုယ့်အပေါ်မှာ တာဝန်တွေကျေခဲ့တာ မမိုးများသိခဲ့ရင် ရောက်ရာဘဝက သာဓုခေါ်ပါ ရှင်မရေ။

မမိုးက ရုပ်ခန္ဓာသာ ကိုယ်တို့ မိသားစုအနားမရှိတော့ပေမယ့်၊ မိခင်ပီသခဲ့သူရဲ့ အဆုံးအမ မေတ္တာတွေက အခုထိရှိနေတုန်းပါလို့ သားနဲ့သမီး ခံစားနားလည်ကြပါတယ် မမိုးရေ။ မမိုးရဲ့ လူမှုတာဝန်ကျေပွန်ခဲ့မှု၊ ဗုဒ္ဓအဆုံးအမနဲ့အညီ သူတော်ကောင်းတရား လက်ကိုင်ထားခဲ့မှုတွေက တို့မိသားစုဘဝရဲ့ စံပြပါပဲ မမိုးရာ။

မမိုးရဲ့ ဘဝတိုတိုကလေးမှာ သိခဲ့ ခင်ခဲ့တဲ့ သူတွေက တို့မိသားစုနဲ့တွေ့တိုင်း မမိုးကို သတိရကြောင်းနဲ့ ကောင်းသတင်း လေညင်းဆောင်ကြလေတော့ အစိုးတို့ မိသားစုတွေ ညနေထမင်းဝိုင်းတိုင်းမှာ မျက်ရည်စို့ကြရတာပေ့ါ ရှင်မရေ။

ဘဝတန်ဖိုးကို အရယူခဲ့တဲ့ ရှင်မဟာ ဒီမိသားစုအတွက် တန်ဖိုးမဖြတ်နိုင်သူပါ။ ခန္ဓာမရှိတော့ပေမယ့် နာမည်ကောင်းများစွာရှိနေသေးတဲ့ ကိုယ့်ရှင်မရဲ့ ကောင်းဂုဏ်တွေက ခင်မင်ရာအသိုင်းအဝိုင်းမှာ လူသတင်းလူချင်းဆောင်ဆဲပါ မမိုးရေ။ သားနဲ့သမီးကတော့ နောင်အခါ ဘဝဆက်တိုင်းဆက်တိုင်း ရှင်မရဲ့ မေတ္တာအရိပ်အောက်မှာပဲ သားသမီးဖြစ်ခွင့်ရရပါလို၏လို့ ဆုတောင်းနေပါတယ် မမိုးရေ။

စက္ကန့်မလပ်၊ အစဉ်အမြဲ ထာဝရ သတိရခြင်းများစွာနဲ့ ချစ်သော ကိုယ့်အိမ်ရှင်မ မမိုးအတွက် နေ့တိုင်း ရက်တိုင်း လတိုင်း ပြုခဲ့သော ကုသိုလ်ဒါနအစုစုကို မြင့်မြတ်ရာဘုံမှ သာဓုခေါ်ပါ ရှင်မရေ။ သတိရခြင်းတွေနဲ့ ဒီမိသားစုက မျက်ရည်စွတ်စို အလွမ်းပိုစွာ အမျှပေးဝေပါတယ်။ အမျှ ---- အမျှ---- အမျှ ပို့သသော မေတ္တာအပြည့်အဝကို ချစ်ရသောမမိုး ငြိမ်းချမ်းရာ ဘုံဗိမာန်က သာဓုခေါ်ပါနော်။

**မမိုးရဲ့ချစ်ခင်ပွန်း ဦးမောင်စိုး**
**မေကြီးရဲ့ ချစ်သောသား ကိုပိုင်စိုးခန့်-မဟန်သီထွန်း**
**မေကြီးရဲ့ချစ်သောသမီးငယ် မသက်မွန်စိုး**
**ချစ်မြေးလေး မြသွေးခန့်**


### "အများသိစေရန် ကြေညာချက်"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်ကွန်ဒို၊ သံသုမာလမ်း၊ အကျယ်အဝန်း (၁၄၅၀) စတုရန်းပေ အကျယ်ရှိ ဒုတိယထပ်၊ အခန်းအမှတ် (20H) ဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်း(၁)ခန်း၊ (MBR-1၊ BR-2၊ A/C 4)နှင့် လျှပ်စစ်မီတာ၊ ရေမော်တာ၊ 10KVA မီးအားမြှင့်စက်(၁)လုံး၊ တယ်လီဖုန်းအမှတ် (၅၄၆၆၅၂)၊ သုံးစွဲခွင့်အပါအဝင် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ဝါဝါဝင်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်ထံမှ တစ်ဆင့် ရောင်းသူ ဒေါ်ကေခိုင်မြတ် [၁/မကန(နိုင်)၀၈၃၂၇၇]မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်းပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးဇေယျာလင်း [၁၂/ဒဂမ(နိုင်)၀၁၄၄၀၀]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤကွန်ဒိုတိုက်ခန်းအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့် နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

### (777) အရှေ့ဒဂုံ အိမ်ခြံမြေရောင်းဝယ်ရေး

ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ (ဆိပ်ကမ်း) ရှိ မြေကွက်များကို ဈေးမှန်ဖြင့် အမြန်ဝယ်လိုပါသည်။ အိမ်တိုင်ရာရောက်ငွေပေးချေပါမည်။

**ဖုန်း-၀၉-၂၅၀၀၁၅၈၈၁၊ ၀၉-၉၆၃၃၂၃၅၃၅၊ ၀၉-၄၀၈၉၀၁၁၈၇**

**မိဘမေတ္တာ**
ဒဂုံမြို့သစ်ဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊မြောက်ပိုင်း၊
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
**09 422 848 224**

**ဝတ်ရည်ဦး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
**09-43088052**
**09-260660405**
**09-421067330**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောင်ရပ်ကွက်၊ ဗားကရာလမ်းမကြီး၊ စမ်းချောင်းအဆင့်မြင့်အိမ်ရာ၊ တိုက်(A)၊ အခန်းအမှတ်(A-012)၊ ဟုခေါ်တွင်သော (ပထမထပ်) အခန်းအကျယ် (အလျား၂၀ပေXအနံ၅၀ပေ) ရှိ တိုက်ခန်း(၁)ခန်းနှင့် တကွ မီတာ(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံအင်ဂျင်နီယာဌာနတွင် အဆောက်အအုံ နေထိုင်ခွင့်စာချုပ်အရ တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းမြင့် [၁၂/မရက(နိုင်)၀၂၁၈၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph ၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

### မြေကွက်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်နှင့်လူနေရပ်ကွက်အမှတ်(၇၉)၊ ရွှေသပြေလမ်း၊ မြေကွက်အမှတ်(၁၆၂၅)ဧရိယာ(၄၀'×၆၀') မြေကွက်ကို နှစ်(၆၀)ဂရန်တွင် တရားဝင်အမည်ပေါက်နေသူ-ဒေါ်ချိန်ချန်းချိန် (၁၃/လရန(နိုင်)၁၀၉၉၇၅)ထံမှ အရောင်းအဝယ်သဘောတူကတိစာချုပ်နှင့် အထူးကိုယ်စားလှယ်လွှဲစာတို့အရ ဝယ်ယူပိုင်ဆိုင်ထားသူ-ဒေါ်ခင်ထွေး (၁၀/ကမရ(နိုင်)၀၁၆၈၅၇)က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေ-ဦးဇမ်းဒိပ်သုန်း(၅/ကလထ(နိုင်)၁၀၁၆၆၃)က အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် တကွလာရောက်ကန့်ကွက်နိုင်ပါသည်။ ( လွှဲအပ်ညွှန်ကြားချက်များအရ )

**ဦးသန့်ဇင် (LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်( LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၃၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2) ၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

### ကိုမောင်ဇော်+မနီ (အိမ် ခြံ မြေ ရောင်း/ဝယ်ရေး)

ဒဂုံမြို့သစ်(တောင်ပိုင်း၊ဆိပ်ကမ်း၊အရှေ့ပိုင်း၊မြောက်ပိုင်း)
မြေကွက်များ ဝယ်လိုသည်။
အိမ်အရောက်ငွေချေပေးပါသည်။ ပွဲခပေးရန်မလိုပါ။
**၀၉-၄၀၀၅၀၀၈၃၄၊ ၀၉-၄၅၀၄၅၀၈၃၄**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၄၅၈)၊ ပထမထပ်(ခြေရင်းခန်း) တိုက်ခန်းအား ဦးကောင်းခန့် [၁၂/မရက(နိုင်)၁၇၁၈၀၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲညီညီအောင် [၁၂/အစန(နိုင်)၂၃၉၀၂၇] အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ယင်းတိုက်ခန်း အရောင်းအဝယ်အားကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၂၃-၇-၂၀၂၂)ရက် မတိုင်မီ၊ ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်လင်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၇)**
**အခန်း A-4၊ အမှတ်(၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၄၄၃၀၂၉၅၅၄**

**သစ်ပင်**
**စိုက်မှ**
**အရိပ်ရ၏**
**ရိပ်ခို**
**နားနေ**
**အပန်းပြေ၏**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အရှေ့)၊ မြေကွက်အမှတ်(၁၀၅၈/က)၊ ဧရိယာ အလျား (၂၀ပေ x ၆၀ပေ)အကျယ်ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ (၇)ဈေးလမ်း၊ အမှတ်(၁၀၅၈/က) ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်ကြသည့် ဒေါ်အေးအေးမူ [၁၂/သကတ(နိုင်)၀၅၈၄၃၇]၊ ဦးအောင်မြင့် [၁၂/သကတ(နိုင်)၁၁၂၇၉၁]၊ ဦးထွေးအောင် [၁၂/သကတ(နိုင်)၀၉၉၃၂၆]၊ မောင်ဟိန်းကျော် [၁၂/သကတ(နိုင်)၁၆၅၉၀၂]၊ မောင်ပိုင်ဟိန်းထက် [၁၂/သကတ(နိုင်)၂၀၂၅၉၃]၊ မချစ်ချစ်ဇော် [၁၂/သကတ(နိုင်)၂၃၂၃၅၆] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်တန်ဖိုးငွေများအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်ချင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၃၈)**
**အမှတ်(၁၆၇၉/က)၊ သလ္လာဝတီအနောက်(၅)လမ်း၊ ၁၀/တောင် (၁၄)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၂၅၀၆၆၇၄၅၇**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ ဇေယျာသိဒ္ဓိဓမ္မာရုံလမ်း၊ မြေကွက်အမှတ်(၆၄)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေx၆၀ပေ) ရှိ ဦးကြီးမြင့် အမည်ပေါက် ပါမစ်အမျိုးအစားမြေကွက်ကို နောက်ဆုံးစာချုပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးသန်း [၁၄/ပသန(နိုင်)၀၀၇၁၆၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသိန်းထွန်းနိုင် [၅/ဒပယ(နိုင်)၀၆၄၆၂၇]က အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ဦးသိန်းထွန်းနိုင်ထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အထက်ပါမြေကွက်နှင့်ပတ်သက်၍ ဝယ်သူ၏ ဆိုင်ရေးဆိုင်ခွင့်များကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးသိန်းထွန်းနိုင် [၅/ဒပယ(နိုင်)၀၆၄၆၂၇]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ခိုင်ဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၆၀၅၅)**
**အမှတ်-၂၃၂၊ ကန်တော်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်။ Ph: 09-763346017, 09-770519452**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ တိမ်ညို(၂)လမ်း၊ မြေကွက်အမှတ်(၇၉၆/ခ)၊ (အလျား ၂၂ပေ-၂၁ပေ၆လက်မ x အနံ ၆၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ငွေ [၁၂/ဥကတ(နိုင်)၀၅၇၂၀၁]မှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်ချစ်(စလင်း)LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)**
**Ph-09- 954280932**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဒေါ်မိုးယုနွယ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)**
**LL.B, D.B.L, D.I.L, D.M.L,**
**WIPO (Switzerland)**
**Ph: 09- 420080932, 09-977402677**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် စုစည်းနေထိုင်တဲ့ ပြည်ထောင်စုကြီးဖြစ်တဲ့အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးဟာ တို့တပ်မတော်သားတွေ အမြဲတမ်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမယ့် အမျိုးသားရေးတာဝန်ပဲ ဖြစ်တယ်။ အမျိုးသားရေးဆိုတာ တစ်မျိုးသားလုံးရဲ့ အကျိုးစီးပွားနဲ့ ဘာသာ၊ သာသနာ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာတို့ကို ကာကွယ်စောင့်ရှောက်ခြင်းကို ဆိုလိုတယ်။ နိုင်ငံတော်မှာ မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေနဲ့ တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့အမျိုးသားရေးမူဝါဒဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားရမှာဖြစ်တယ်။ တပ်မတော်ရဲ့ အမျိုးသားနိုင်ငံရေးကို အကောင်အထည်ဖော်ရာမှာ ပြည်သူပြည်သားများနဲ့အတူ လက်တွဲညီညီ အစွမ်းကုန်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူမင်းအောင်လှိုင်၏ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှကောက်နုတ်ချက်)

၂၂-၁၂-၂၀၂၁

ယနေ့ ဖတ်စရာ

### တရုတ်နိုင်ငံ ဟိုင်နန် လေကြောင်းလိုင်းက ဆားဘီးယားနိုင်ငံသို့ တိုက်ရိုက်လေကြောင်း ပြေးဆွဲမှုစတင်



စာမျက်နှာ - ၁၃

### MNL ပြိုင်ပွဲတွင် GFA အသင်း ပထမဆုံးနိုင်ပွဲရရှိ

စာမျက်နှာ - ၂၇

## နာမည်ကြီးဗီယက်နမ်ကို အနိုင်ယူပြီး မြန်မာအမျိုးသမီးအသင်း တတိယရရှိ



တတိယလုပွဲတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဇူလိုင် ၁၇

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယနေ့ညနေပိုင်းက ဖိလစ်ပိုင်နိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ တတိယဆုရရှိခဲ့သည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် အရေးနိမ့်ခဲ့သည့် နာမည်ကြီးဗီယက်နမ်အသင်းကို အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ရကာ တတိယဆုရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် တွေ့ဆုံတိုင်း ရလဒ်မကောင်းသည့်အစဉ်အလာကို အဆုံးသတ်နိုင်ခဲ့ပြီး တတိယဆုရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းအနေဖြင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သော်လည်း ဗီယက်နမ်ကိုအနိုင်ရပြီး တတိယရခဲ့သဖြင့် အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ် ဒေါ်သက်သက်ဝင်း စသည့် အုပ်ချုပ်/နည်းပြအဖွဲ့ဝင်များ၏ စွမ်းဆောင်မှု၊ ကစားသမားများ၏ ကြိုးစားအားထုတ်မှုတို့ကို အသိအမှတ်ပြုရမည်ဖြစ်သည်။

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ○

## ဘာစီလိုနာအသင်းက တိုက်စစ်မှူး လီဝန်ဒိုစကီးကို ခေါ်ယူရန် သဘောတူညီမှုရရှိ



စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းဟာ ပိုလန်တိုက်စစ်မှူး လီဝန်ဒိုစကီးကို စာချုပ်ချုပ်ဆိုခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်းနဲ့ စည်းမျဉ်းအရ သဘောတူညီမှုရရှိခဲ့ပြီဖြစ်ပါတယ်။

အသက် ၃၃ နှစ်အရွယ်ရှိ တိုက်စစ်မှူး လီဝန်ဒိုစကီးရဲ့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ တစ်နှစ်ကျန်ရှိနေသေးပေမယ့် ဘိုင်ယန်မြူးနစ် အသင်းကနေ

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ●

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၁၇

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက်အပြည့်အစုံမှာ -

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✻